မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၃ ] ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက် ( ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

**မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နာယကအဖွဲ့ ဖွဲ့စည်းခြင်း**

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေအခန်း (၃)၊ ပုဒ်မ (၅) ပါ ပြဋ္ဌာန်းချက်များအရ "မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နာယကအဖွဲ့" အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည် -

(၁) ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၃) ဒုတိယဝန်ကြီး
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(၄) ဦးအုန်းမြင့်
ဒုတိယဝန်ကြီး (ငြိမ်း)
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၅) ဦးမျိုးမြင့်
ဒုတိယဝန်ကြီး (ငြိမ်း)
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၆) ဦးညီလှငယ်
ဒုတိယဝန်ကြီး (ငြိမ်း)
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(၇) ဦးဝင်းကျော်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

**ပြည်ထောင်စုပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်း တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စု၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တို့မှ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းရပ်များ ပြင်ဆင်သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုပိုင်ပစ္စည်းများစာရင်းတွင် ပြည်ထောင်စုဝန်ကြီးဌာန၏ အမည်စာရင်းပေါက် ပိုင်ဆိုင်ပစ္စည်းများ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့၏ တရားဝင်အမည် စာရင်းပေါက် ပိုင်ဆိုင်ပစ္စည်းများ၊ တရားရုံးအမိန့်ဖြင့် နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများ၊ ပြည်တွင်း/ပြည်ပ လှူဒါန်းမှုအရ ရရှိထားသော နိုင်ငံပိုင်ပစ္စည်းများ ပါဝင်သည်။

၂။ ပြည်ထောင်စုပိုင်ပစ္စည်းများကို အောက်ပါအတိုင်း စီမံခန့်ခွဲမည် -

(က) ပြည်ထောင်စုဝန်ကြီးဌာန အမည်စာရင်းပေါက်သည့် ပြည်ထောင်စုပိုင်ပစ္စည်းများကို ပြည်ထောင်စုအဆင့်မှ စီမံခန့်ခွဲခြင်း၊

(ခ) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ အမည်စာရင်းပေါက်သည့် ပြည်ထောင်စုပိုင် ပစ္စည်းများကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲခြင်း၊

(ဂ) တရားရုံး၏အမိန့်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ပစ္စည်းများအနက် လိုင်စင်မဲ့ မော်တော်ယာဉ်များမှတစ်ပါး အခြားရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့်မှ စီမံခန့်ခွဲခြင်းနှင့် မြေနှင့်အဆောက်အဦကဲ့သို့ မရွှေ့ပြောင်းနိုင်သောပစ္စည်း များကို ပြည်ထောင်စုက စီမံခန့်ခွဲခြင်း၊

(ဃ) လှူဒါန်းမှုဖြင့်ရရှိထားသော ပြည်ထောင်စုပိုင်ပစ္စည်းများအနက် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ခြင်းနှင့် မြေ၊ အဆောက်အဦကဲ့သို့ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ခြင်း။

(င) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့်က စီမံခန့်ခွဲမည့်ကိစ္စရပ်အကြောင်းအရာများအတွက် ကြမ်းခင်းဈေးနှုန်းကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့က တာဝန်ခံဆောင်ရွက်၍ ပြည်ထောင်စုအဆင့်က စီမံခန့်ခွဲမည့်ကိစ္စရပ် အကြောင်းအရာများအတွက် ကြမ်းခင်းဈေးနှုန်းကို ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ခံဆောင်ရွက်ခြင်း။

၃။ စာပိုဒ် (၂) ပါအတိုင်း ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄။ ပြည်ထောင်စုအဆင့်က စီမံခန့်ခွဲမှုဖြင့် ပြည်ထောင်စုပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်းတို့ကြောင့် လက်ခံရရှိသော ငွေပမာဏကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။ ထို့အပြင် နှစ်ချုပ်အစီရင်ခံစာတွင်လည်း ထည့်သွင်းဖော်ပြရမည်။

၅။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့်က စီမံခန့်ခွဲသည့် ပြည်ထောင်စုပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့်ဆောင်ရွက်ခြင်းတို့ကြောင့် လက်ခံရရှိသောငွေပမာဏကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။ ထို့အပြင် နှစ်ချုပ်အစီရင်ခံစာ တွင်လည်း ထည့်သွင်းဖော်ပြရမည်။

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၈/၂၀၁၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Korea International Cooperation Agency) (KOICA) တို့ ပူးပေါင်း၍ ရန်ကုန်-ဟံသာဝတီ-ပဲခူးစကြ်ံတစ်လျှောက်နှင့် ရန်ကုန်အနောက်တောင်ပိုင်း ဒေသဖွံ့ဖြိုးရေး Master Plan ရေးဆွဲရေးစီမံကိန်းအတွက် စီမံကိန်းဦးဆောင်ကော်မတီ (Project Steering Committee) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီး<br>လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဂ) | ဝန်ကြီး<br>စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန<br>ပဲခူးတိုင်းဒေသကြီး | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အတွင်းရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (တ) | အတွင်းရေးမှူး<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ထ) | အတွင်းရေးမှူး<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

(ဒ) စီမံကိန်းမန်နေဂျာ အဖွဲ့ဝင်
ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ
အကျိုးတူပူးပေါင်းဆောင်ရွက်သူများအဖွဲ့ (KOICA Consortium) အဖွဲ့

(ဓ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ပ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ ရန်ကုန်-ဟံသာဝတီ-ပဲခူးစကြိုတစ်လျှောက်နှင့် ရန်ကုန်အနောက်တောင်ပိုင်းဒေသဖွံ့ဖြိုးရေးပင်မစီမံကိန်း (Master Plan) ရေးဆွဲရေးစီမံကိန်းအတွက် စီမံကိန်းဦးဆောင်ကော်မတီ (Project Steering Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရန်ကုန်-ဟံသာဝတီ-ပဲခူးစကြိုတစ်လျှောက်နှင့် ရန်ကုန်အနောက်တောင်ပိုင်းဒေသဖွံ့ဖြိုးရေးပင်မစီမံကိန်း (Master Plan) ရေးဆွဲခြင်းအတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ခ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းကြီးကြပ်မှုကော်မတီ (Technical Working Group) (TWG) များ ဖွဲ့စည်းပေးရန်နှင့် လုပ်ငန်းတာဝန်များပေးအပ်ရန် (TWG) ၏ လုပ်ငန်းများကို ကြပ်မတ်ကွပ်ကဲခြင်း၊

(ဂ) KOICA ၏ ရန်ကုန်-ဟံသာဝတီ-ပဲခူးစကြိုတစ်လျှောက်နှင့် ရန်ကုန်အနောက်တောင်ပိုင်းဒေသဖွံ့ဖြိုးရေးပင်မစီမံကိန်း Master Plan ရေးဆွဲရေးကို ပေါင်းစပ်ဆောင်ရွက်မည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိစေရေး လမ်းညွှန်ကြီးကြပ်ပေးခြင်း၊

(ဃ) KOICA မှ တင်ပြလာသော အစီရင်ခံစာများပါအချက်အလက်များသည် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိရေးလမ်းညွှန်မှုပေးခြင်း၊

(င) ပင်မစီမံကိန်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများအား ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ သတ်မှတ်ကာလအတွင်း အချိန်မီပေးပို့နိုင်ရေး ကြီးကြပ်စီမံခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၇) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်းမှအဆက် ]**

၆၇။ **လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းအတွက် တန်ဖိုးသတ်မှတ်ခြင်း**

(က) ကုမ္ပဏီ၏ အစုရှယ်ယာများရယူရန်အတွက် အော့ပ်ရှင် (option) များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များအား ထုတ်ဝေရောင်းချမည့်တန်ဖိုးကို ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ထားသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) အော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များအတွက် သို့မဟုတ် အဆိုပါအော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များဖြင့် နောင်တွင် လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာများအတွက် တန်ဖိုးသတ်မှတ်ခြင်းကို ငွေသားဖြင့်မပြုလုပ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ခဲ့ပါက ဒါရိုက်တာအဖွဲ့သည် -

(၁) ယင်းအား ပိုင်းခြားသတ်မှတ်နိုင်မည့် လုံလောက်သော အသေးစိတ်ဖော်ပြချက်များဖြင့် တန်ဖိုးသတ်မှတ်ခြင်းအား မှတ်တမ်းတင်ထားရှိရမည်၊

(၂) အော့ပ်ရှင် (option) များ၊ လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ၊ အဆိုပါ အော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များဖြင့် နောင်တွင်လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာများတို့အတွက် တန်ဖိုးသတ်မှတ်မှုအား သင့်လျော်သော လက်ရှိငွေတန်ဖိုးဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီး ထိုသို့ သတ်မှတ်ဆောင်ရွက်မှုနှင့် အကဲဖြတ်မှုအခြေခံများကို မှတ်တမ်းတင်ထားရှိရမည်၊ ၎င်းပြင်

(၃) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်းဖြစ်သည်ဟု ဆုံးဖြတ်ခဲ့လျှင် တန်ဖိုးသတ်မှတ်ခြင်းကို ဆောင်ရွက်နိုင်သည် -

(កក) အော့ပ်ရှင် (option) များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အဆိုပါ အော့ပ်ရှင် (option) နှင့် ငွေချေးသက်သေခံလက်မှတ်များဖြင့် နောင်တွင်လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာတို့အတွက် တန်ဖိုးသတ်မှတ်ချက်များ၊ စည်းကမ်းချက်များသည် ကုမ္ပဏီနှင့် ယင်းကုမ္ပဏီတွင် တည်ဆဲပါဝင်သူများအတွက် သင့်လျော်မျှတမှုရှိကြောင်းနှင့်

(ခခ) အဆိုပါ တန်ဖိုးသတ်မှတ်မှု၏ လက်ရှိငွေတန်ဖိုးသည် အော့ပ်ရှင် (option) များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အစုရှယ်ယာများအား ထုတ်ဝေရောင်းချခြင်းအတွက် ရရှိမည့်ဝင်ငွေပမာဏထက် မလျော့နည်းကြောင်း။

(ဂ) အော့ပ်ရှင် (option) များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ ထည့်ဝင်မှုနှင့် ထုတ်ဝေမှုအတွက် တန်ဖိုးကို ငွေသားဖြင့် မသတ်မှတ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ပါက ယင်းနှင့်စပ်လျဉ်း၍ ချုပ်ဆိုဆောင်ရွက်သည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ကို သက်ဆိုင်ရာဥပဒေအရ တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများတွင် ထိန်းသိမ်းထားရှိရမည်။

၆၈။ ပုဒ်မ ၆၇ ၏ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်သည့် ဒါရိုက်တာတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၆၉။ **တာဝန်ရှိမှုအား ထိခိုက်စေမည့် အစုရှယ်ယာများထုတ်ဝေခြင်းတွင် သဘောတူညီချက်ရယူရန်**

အစုရှယ်ယာပိုင်ဆိုင်သူဖြစ်လာမည့်ပုဂ္ဂိုလ်မှ စာဖြင့်ရေးသား၍ ကြိုတင်သဘောတူညီထားခြင်းမရှိလျှင် ကုမ္ပဏီသည် လူပုဂ္ဂိုလ်တစ်ဦး၏ တာဝန်ရှိမှုများကို ပိုမိုများပြားလာစေမည့် သို့မဟုတ် ၎င်းအပေါ်တွင် တာဝန်ရှိမှုတစ်ရပ်ရပ်ဖြစ်ပေါ်လာစေမည့် အစုရှယ်ယာတစ်ခုခုအား ထုတ်ဝေခြင်းသည် ပျက်ပြယ်စေရမည်။

၇၀။ **အစုရှယ်ယာများအတွက် ပေးချေရမည့် ငွေပမာဏအသီးသီးအပေါ်တွင် ကုမ္ပဏီက စီစဉ်ဆောင်ရွက်နိုင်မည့် အခွင့်အာဏာ**

ကုမ္ပဏီတစ်ခုသည် ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါကိစ္စတစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်နိုင်သည် -

(က) အစုရှယ်ယာများအတွက် ပေးချေရမည့် ငွေပမာဏနှင့် ပေးချေရမည့်အချိန်ကာလတို့ကို အစုရှယ်ယာပိုင်ရှင်များအကြား ခြားနား၍ အစုရှယ်ယာထုတ်ဝေမှုနှင့် သက်ဆိုင်သော စီစဉ်ဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်၊

(ခ) အစုရှယ်ယာအတွက် ပေးချေရမည့်ငွေပမာဏ တစ်စိတ်တစ်ဒေသကို ပေးချေရန် တောင်းဆိုခြင်း မပြုသော်လည်း အစုရှယ်ယာရှင်မှ ၎င်းပိုင်ဆိုင်ထားသည့် အစုရှယ်ယာအတွက် ပေးချေရန်ကျန်ရှိနေသော ငွေပမာဏအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပေးချေပါက လက်ခံနိုင်သည်၊

(ဂ) အစုရှယ်ယာ တစ်ခုစီအတွက် ပေးချေထားသည့် ငွေပမာဏ အချိုးအစားအလိုက် အမြတ်ငွေခွဲဝေမှုကို ပြုလုပ်နိုင်သည်။

၇၁။ **ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရန် အချိန်ကာလ သတ်မှတ်ခြင်းနှင့် မှတ်တမ်းတင်ထားရှိခြင်း**

(က) အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေသည့်နေ့မှ (၂၁)ရက်အတွင်း ကုမ္ပဏီသည် -

(၁) ကုမ္ပဏီ၏ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းဖော်ပြရမည်။ ၎င်းပြင်

(၂) အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။ အဆိုပါအကြောင်းကြားစာတွင် အစုရှယ်ယာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်းအတွက် ပေးချေသည့်တန်ဖိုးများနှင့် အဆိုပါ အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအတွက် တန်ဖိုးကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပေးချေပြီးခြင်း ရှိ မရှိတို့အား ထည့်သွင်းဖော်ပြရမည်။

(ခ) ပိုင်ဆိုင်သူ၏အမည်ကို ကုမ္ပဏီ၏ သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းပြီးသည့်အခါ အစုရှယ်ယာ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်တစ်ခုအား ထုတ်ဝေပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အား လိုက်နာရန်ပျက်ကွက်ခြင်းသည် အစုရှယ်ယာ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်အား ထုတ်ဝေခြင်းအတွက် တရားဝင်အတည်ဖြစ်မှုအား ထိခိုက်စေခြင်း မရှိစေရ။

၇၂။ ကုမ္ပဏီသည် ပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်အား လိုက်နာရန်ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့် ပျက်ကွက်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**ဦးစားပေးအစုရှယ်ယာများ**

၇၃။ **ဦးစားပေးအစုရှယ်ယာများ ထုတ်ဝေရန်အတွက် လိုအပ်ချက်များ**

ဦးစားပေးအစုရှယ်ယာများတွင် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖော်ပြထားလျှင် သို့မဟုတ် အဆိုပါအစုရှယ်ယာများနှင့်

စပ်လျဉ်းသည့် အခွင့်အရေးများကို ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်အရ အတည်ပြုခဲ့လျှင် ကုမ္ပဏီတစ်ခုသည် ဦးစားပေးအစုရှယ်ယာများကို ထုတ်ဝေနိုင်သည် -

(က) မတည်ငွေရင်းကို ပြန်လည်ပေးချေခြင်း၊

(ခ) ပိုလျှံသည့် ပိုင်ဆိုင်ပစ္စည်းများနှင့် အကျိုးအမြတ်များတွင် ပါဝင်ခြင်း၊

(ဂ) စုပေါင်းထားသော အမြတ်ဝေစုများနှင့် သီးခြားစီဖြစ်သော အမြတ်ဝေစုများ၊

(ဃ) ဆန္ဒမဲပေးခြင်း၊

(င) အခြားဦးစားပေး အစုရှယ်ယာအမျိုးအစားများ သို့မဟုတ် အခြားအစုရှယ်ယာများထက် ဦးစားပေးပြီး အမြတ်ဝေစုများနှင့် မတည်ငွေရင်းကို ပေးချေခြင်းနှင့်

(စ) အစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူနိုင်ခြင်း ရှိ မရှိနှင့် ရှိခဲ့ပါက ထိုသို့ ပြန်လည် ရွေးနုတ်ရယူနိုင်ခြင်းဆိုင်ရာ စည်းကမ်းချက်များ။

**၇၄။ ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူခြင်း**

(က) ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများသည် ယင်းတို့အား ပြန်လည် ရွေးနုတ်နိုင်ခွင့်ရှိသော စည်းကမ်းချက်များချမှတ်၍ ထုတ်ဝေသည့် ဦးစားပေးအစုရှယ်ယာများ ဖြစ်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာအား အောက်ပါအတိုင်း ပြန်လည်ရွေးနုတ်ရယူနိုင်သည်-

(၁) တိကျစွာ သတ်မှတ်ထားသည့်အချိန်တွင် သို့မဟုတ် တိကျစွာ သတ်မှတ်ထားသည့် အထူးအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါတွင် သို့မဟုတ်

(၂) ကုမ္ပဏီမှ ရွေးချယ်ရယူသည့်အခါတွင် သို့မဟုတ်

(၃) အစုရှယ်ယာရှင်က ရွေးချယ်ရယူသည့်အခါတွင်။

(ဂ) ကုမ္ပဏီသည် အောက်ပါအခြေအနေများ ပေါ်ပေါက်မှသာလျှင် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေး အစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူနိုင်သည် -

(၁) အဆိုပါ အစုရှယ်ယာများအတွက် အပြည့်အဝငွေပေးချေပြီးဖြစ်ခြင်း၊

(၂) ကုမ္ပဏီ၏ အကျိုးအမြတ်များအား အသုံးပြု၍ သို့မဟုတ် ဦးစားပေး အစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူရန် ရည်ရွယ်၍ အစုရှယ်ယာအသစ်များ ထုတ်ဝေမှု၏ အကျိုးအမြတ်များအား အသုံးပြုခဲ့ခြင်းနှင့်

(၃) ပြန်လည်ရွေးနုတ်ရယူခြင်း ပြုလုပ်ခဲ့ပါက ကုမ္ပဏီတွင် ကြွေးမြီစစ်ဆေးချက်၌ ကျေနပ်လက်ခံနိုင်မည်ဖြစ်ကြောင်း ဒါရိုက်တာများမှ သင့်လျော်သော အကြောင်းအချက်များအပေါ် ဆုံးဖြတ်ခဲ့ခြင်း။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ) အရ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ပြီးသည့်အခါ ဖော်ပြထားသည့် ငွေပမာဏသည် ပြန်လည်ရွေးနုတ်ရယူရန်အတွက် သတ်မှတ်ထားသည့်နေ့တွင် ပေးချေရမည့် ငွေပမာဏ ဖြစ်လာစေရမည်။

(င) ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများသည် ပြန်လည်ရွေးနုတ်ရယူပြီးသည့် အခါတွင် ပျက်ပြယ်စေရမည်။

(စ) ကုမ္ပဏီသည် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများကို ပြန်လည်ရွေးနုတ်ရယူပြီးနောက် (၂၁) ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အဆိုပါ ပြန်လည်ရွေးနုတ်ရယူခြင်းအား မှတ်ပုံတင်အရာရှိထံ အကြောင်းကြားတင်ပြရမည်။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အား လိုက်နာရန် ပျက်ကွက်ခြင်းသည် ပြန်လည်ရွေးနုတ်ရယူခွင့် ရှိသော ဦးစားပေးအစုရှယ်ယာများကို ပြန်လည်ရွေးနုတ်ရယူခြင်းအတွက် တရားဝင် အတည်ဖြစ်မှုအား ထိခိုက်စေခြင်း မရှိစေရ။

၇၅။ ကုမ္ပဏီသည် ပုဒ်မ ၇၄ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန်ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့် ပျက်ကွက်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**ဒီဘင်ချာများ**

၇၆။ **စဉ်ဆက်မပြတ် သုံးစွဲနိုင်သောဒီဘင်ချာများ**

ဤဥပဒေ မပြဋ္ဌာန်းမီကသော်လည်းကောင်း၊ ပြဋ္ဌာန်းပြီးနောက်တွင်သော်လည်းကောင်း ချုပ်ဆိုသည့် ဒီဘင်ချာတစ်ရပ်ရပ် သို့မဟုတ် ဒီဘင်ချာ စာချုပ်တစ်ရပ်ရပ်တွင် ဖော်ပြပါရှိသော သတ်မှတ်ချက် တစ်ရပ်ရပ်သည် မည်သည့် အချိန်၊ မည်သည့် အကြောင်းကြောင့်မျှဖြင့် ပြန်လည်ရွေးနုတ်ရယူခွင့် မရှိသော သို့မဟုတ် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသောကြောင့် တရားမဝင်ဖြစ်ခြင်းမရှိစေရ။

၇၇။ **ပြန်လည်ရွေးနုတ်ရယူခဲ့သော ဒီဘင်ချာများကို တစ်ချိန်ချိန်တွင် ထပ်မံထုတ်ဝေရန် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များ၌ အခြားနည်း အတိအလင်း ဖော်ပြထားခြင်းမရှိပါက ဤဥပဒေ အာဏာတည်ခြင်းမပြုမီတွင်ဖြစ်စေ၊ အာဏာတည်ပြီးနောက်တွင်ဖြစ်စေ ကုမ္ပဏီသည် ယခင်က ထုတ်ဝေခဲ့သော ဒီဘင်ချာတစ်ရပ်ရပ်ကို ပြန်လည်ရွေးနုတ်ရယူပြီးနောက် အဆိုပါ ဒီဘင်ချာတစ်ရပ်ရပ်ကို ထပ်မံထုတ်ဝေနိုင်ရန်အတွက် ယင်းတို့အား ဆက်လက် အကျိုးသက်ရောက်နေစေရန် ဆောင်ရွက်နိုင်ခွင့်ရှိစေရမည် သို့မဟုတ် ထိုသို့ ဆောင်ရွက်နိုင်ခွင့်ရှိသည်ဟု အမြဲမှတ်ယူရမည်။ ကုမ္ပဏီသည် အဆိုပါ အခွင့်အာဏာအား ကျင့်သုံးဆောင်ရွက်သည့်အခါ ကုမ္ပဏီတွင် အလားတူ ဒီဘင်ချာများကို ထပ်မံထုတ်ဝေခြင်းဖြင့် သော်လည်းကောင်း၊ ယင်းတို့အစား အခြားဒီဘင်ချာများကို ထုတ်ဝေခြင်းဖြင့်သော်လည်းကောင်း ဒီဘင်ချာများအား ထပ်မံထုတ်ဝေရန် အခွင့်အာဏာရှိစေရမည် သို့မဟုတ် ထိုသို့ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်ဟု အမြဲမှတ်ယူရမည်ဖြစ်သည်။ ထိုသို့ ထပ်မံထုတ်ဝေသည့်အခါတွင် အဆိုပါ ဒီဘင်ချာအား ယခင်က ထုတ်ဝေခဲ့ဖူးခြင်းမရှိသကဲ့သို့ ဒီဘင်ချာများအား ရရှိသူသည် အလားတူအခွင့်အရေးများနှင့် ဦးစားပေး အကျိုးခံစားခွင့်များကိုရရှိစေရမည် သို့မဟုတ် ထိုသို့ ရရှိသည်ဟု အမြဲမှတ်ယူရမည်။

(ခ) ဒီဘင်ချာများကို ထပ်မံထုတ်ဝေနိုင်ရန်အတွက် ယင်းတို့အား ဆက်လက်အကျိုးသက်ရောက် နေစေရန်ရည်ရွယ်ပြီး ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီတွင်ဖြစ်စေ၊ ပြဋ္ဌာန်းပြီးနောက်တွင်ဖြစ်စေ အဆိုပါဒီဘင်ချာများကို ကုမ္ပဏီက အမည်စာရင်းအဆိုပြုခံရသူသို့ လွှဲပြောင်းပေးအပ်ရသည့်အခါ ထိုအမည်စာရင်း အဆိုပြုခံရသူထံမှ လွှဲပြောင်းပေးမှုကို ဤပုဒ်မပါ ရည်ရွယ်ချက်များအတွက် ထပ်မံထုတ်ဝေခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဒီဘင်ချာတစ်ရပ်ရပ်ကို ထပ်မံထုတ်ဝေခြင်း သို့မဟုတ် ယင်းအစား ကုမ္ပဏီသို့ ဤပုဒ်မအရ ပေးအပ်ထားသည့် သို့မဟုတ် ကုမ္ပဏီကရရှိသည်ဟုမှတ်ယူသည့် အခွင့်အာဏာအရ အခြား ဒီဘင်ချာတစ်ရပ်ရပ်ကို ထုတ်ဝေခြင်းကို ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီတွင်ဖြစ်စေ၊ ပြဋ္ဌာန်းပြီး နောက်တွင်ဖြစ်စေ ထပ်မံထုတ်ဝေခြင်း သို့မဟုတ် ထုတ်ဝေခြင်းဖြစ်စေ တံဆိပ်ခေါင်းခွန် ကိစ္စရပ် အလို့ငှာ ဒီဘင်ချာအသစ်တစ်ရပ်အား ထုတ်ဝေခြင်းအဖြစ် သတ်မှတ်ရမည်။ သို့ရာတွင် ယင်းသို့ ဆောင်ရွက်ခြင်းသည် ထုတ်ဝေရမည့် ဒီဘင်ချာများ၏ တန်ဖိုးငွေပမာဏ သို့မဟုတ် အရေအတွက်ကို ကန့်သတ်ထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အတွက် ဆောင်ရွက်ခြင်းမဖြစ်စေရ။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ထပ်မံထုတ်ဝေထားသည့် ဒီဘင်ချာတစ်ခုသည် အပြည့်အဝ

တံဆိပ်ခေါင်းကပ်ထားသည်ဟု မှတ်ယူ၍ ယင်း၏ အာမခံချက်နှင့် စပ်လျဉ်း၍ ငွေထုတ်ချေးသူတစ်ဦးဦးသည် တံဆိပ်ခေါင်းခွန် သို့မဟုတ် ယင်းနှင့်စပ်လျဉ်းသည့် ပြစ်ဒဏ်တစ်ရပ်ရပ်ကို ထမ်းဆောင်ရန်မလိုဘဲ ၎င်း၏ အာမခံချက်အား အတည်ပြုပေးစေရန်အတွက် မည်သည့်တရားစွဲဆို ဆောင်ရွက်မှုတွင်မဆို အဆိုပါ ဒီဘင်ချာကို သက်သေခံအဖြစ် ပေးအပ်တင်ပြနိုင်သည်။ သို့ရာတွင် ဒီဘင်ချာတွင် အပြည့်အဝ တံဆိပ်ခေါင်းကပ်ထားခြင်းမရှိသည်ကို ၎င်းမှသိရှိခြင်း သို့မဟုတ် ၎င်း၏ ပေါ့လျော့မှုကြောင့် တွေ့ရှိခြင်းမရှိခဲ့လျှင် အဆိုပါ ဒီဘင်ချာကို သက်သေခံအဖြစ် ပေးအပ်တင်ပြနိုင်ခြင်း မရှိစေရ။ သို့ရာတွင် ကုမ္ပဏီသည် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်နှင့် ပြစ်ဒဏ်တို့ကို ပေးဆောင်ရန် တာဝန်ရှိစေရမည်။

(ဃ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာများ အပြည့်အဝ ပေးချေပြီး သို့မဟုတ် အခြားနည်းဖြင့် ကျေနပ်လက်ခံပြီး သို့မဟုတ် ပျက်ပြယ်ပြီးဖြစ်သော ဒီဘင်ချာတစ်ရပ်ရပ်အစား အခြားဒီဘင်ချာများ သို့မဟုတ် ယင်းနှင့်စပ်လျဉ်း၍ ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေနိုင်ရန် အခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်စေခြင်းမရှိစေရ။

၇၈။ **ဒီဘင်ချာများကို ရယူရန် ပဋိညာဉ်စာချုပ်အား အတိအကျ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း**

ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာတစ်ရပ်ရပ်ကိုရယူရန်နှင့် ငွေပေးချေရန်အတွက် ယင်းကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ရပ်ကို သီးသန့်ဆောင်ရွက်ပေးစေရန် အမိန့်ဒီကရီတစ်ခုဖြင့် အတည်ပြု ဆောင်ရွက်နိုင်သည်။

## အစုရှယ်ယာအာမခံလက်မှတ်များနှင့်စပ်လျဉ်းသည့် ကူးပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

၇၉။ **အစုရှယ်ယာအာမခံလက်မှတ်များ၏ အကျိုးသက်ရောက်မှု**

ပုဒ်မ ၈၁ နှင့် ၈၂ တို့နှင့်အညီ ဤဥပဒေစတင်အာဏာတည်သည့်နေ့အထိ ထုတ်ဝေထားသည့် အစုရှယ်ယာအာမခံလက်မှတ်တစ်ရပ်ရပ်အား ကိုင်ဆောင်ထားသူသည် ၎င်းအာမခံလက်မှတ်တွင် ဖော်ပြပါရှိသည့် အစုရှယ်ယာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ရထိုက်ခွင့်ရှိသည်။ အာမခံလက်မှတ်အားပယ်ဖျက်၍ အဆိုပါ အစုရှယ်ယာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအဖြစ် လွှဲပြောင်းပေးနိုင်သည်။

၈၀။ **အစုရှယ်ယာအာမခံလက်မှတ်အား ကိုင်ဆောင်ထားသူ၏အမည်ကို မှတ်ပုံတင်ခြင်း**

ပုဒ်မ ၈၁ နှင့် ၈၂ ပါ ပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ အစုရှယ်ယာအာမခံလက်မှတ်တစ်ရပ်အား ကိုင်ဆောင်ထားသူသည် ကုမ္ပဏီက ပယ်ဖျက်ခြင်းအတွက် ယင်းအား အပ်နှံခဲ့လျှင် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပါဝင်သူတစ်ဦးအနေဖြင့် ၎င်းတို့၏ အမည်များကို ထည့်သွင်းဖော်ပြခွင့် ရရှိစေရမည်။ အာမခံလက်မှတ်အား အပ်နှံခြင်း၊ ပယ်ဖျက်ခြင်း မရှိဘဲ ယင်းတွင်ဖော်ပြပါရှိသော အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် အစုရှယ်ယာ အာမခံလက်မှတ်တစ်ရပ်ကို ကိုင်ဆောင်ထားသူ၏ အမည်အား ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြသော အကြောင်းကြောင့် တစ်စုံတစ်ဦးအပေါ်တွင် ဆုံးရှုံးနစ်နာမှုများ ဖြစ်လာခဲ့လျှင် ကုမ္ပဏီသည် တာဝန်ရှိစေရမည်။

၈၁။ **ဤဥပဒေ စတင်အာဏာတည်ပြီးနောက် အစုရှယ်ယာ အာမခံလက်မှတ်များ ထပ်မံထုတ်ဝေမှု မပြုရခြင်း**

ဤဥပဒေ စတင်အာဏာတည်ပြီးနောက်တွင် ကုမ္ပဏီတစ်ခုသည် အစုရှယ်ယာအာမခံလက်မှတ် တစ်ရပ်ရပ်ကို ထုတ်ဝေခြင်းမပြုရ။

၈၂။ **အစုရှယ်ယာအာမခံလက်မှတ်များအား စွန့်လွှတ်၊ ပယ်ဖျက်သည်ဟု မှတ်ယူခြင်း**

(က) ဤဥပဒေ စတင်အာဏာသက်ရောက်ခြင်းမရှိမီက ထုတ်ဝေခဲ့သော အစုရှယ်ယာ အာမခံလက်မှတ်များအားလုံးကို ယခင်ကစွန့်လွှတ်ထားခြင်းမရှိခဲ့လျှင် ကူးပြောင်းကာလ သို့မဟုတ် ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသည့် အခြားကာလတစ်ရပ်ရပ် ကုန်ဆုံးသည်အထိ ယင်းတို့တွင်ပါရှိသော စည်းကမ်းချက်များနှင့်အညီ ဆက်လက် တရားဝင်စေရမည်ဖြစ်သည်။ ယင်းကာလ ကုန်ဆုံးပြီးနောက်တွင် အဆိုပါ အစုရှယ်ယာ အာမခံလက်မှတ်များကို စွန့်လွှတ်၊ ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အရ အစုရှယ်ယာအာမခံလက်မှတ်များကို ပယ်ဖျက်သည့်အကြောင်းကြောင့် ပုဂ္ဂိုလ်တစ်ဦးဦးတွင် ဖြစ်ပေါ်သည့် ဆုံးရှုံးမှုတစ်ရပ်ရပ်အတွက် ကုမ္ပဏီတွင် တာဝန်တစ်စုံတစ်ရာ မရှိစေရ။

(ဂ) သက်ဆိုင်ရာ ကုမ္ပဏီက စာဖြင့်ရေးသားလျှောက်ထားလာလျှင် မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့်ကာလကို တိုးမြှင့်ပေးနိုင်သည်။ ကူးပြောင်းကာလ ကုန်ဆုံးချိန်တွင် စွန့်လွှတ်၊ ပယ်ဖျက်သည်ဟု မှတ်ယူရမည့် အာမခံလက်မှတ်များသည် ကုမ္ပဏီ၏ အကောင်းဆုံးဖြစ်သော အကျိုးစီးပွားအတွက် မဟုတ်ပါဆိုသော ကျိုးကြောင်းဆီလျော်မှုရှိသည့် တင်ပြချက်များအပေါ် ကျေနပ်လက်ခံခဲ့လျှင် မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာအာမခံ လက်မှတ်များကို ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များကို လုပ်ဆောင်နိုင်သည်။

## **အခန်း (၁၂) အစုရှယ်ယာများနှင့် အခြား ငွေချေးသက်သေခံလက်မှတ်များကို လွှဲပြောင်းခြင်း**

၈၃။ **လွှဲပြောင်းဆောင်ရွက်ရန် လိုအပ်ချက်များ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီဖြစ်ပြီး အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ အစုရှယ်ယာများနှင့် ကုမ္ပဏီရှိ အခြား မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို အခန်း (၁၃) အရ ပြုလုပ်ထားရှိသည့် ကုမ္ပဏီ၏ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် လွှဲပြောင်းပေးခြင်းခံရသူ၏အမည်အား ရေးသွင်းဖော်ပြခြင်းဖြင့် လွှဲပြောင်းပေးနိုင်သည်။

(ခ) အစုရှယ်ယာများနှင့် ကုမ္ပဏီရှိ အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်းအား မှတ်ပုံတင်ရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို လွှဲပြောင်းပေးသူကသော်လည်းကောင်း၊ လွှဲပြောင်းပေးခြင်းခံရသူကသော်လည်းကောင်း ပြုလုပ်နိုင်သည်။ ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီသည် လွှဲပြောင်းပေးခြင်းခံရသူ၏ အမည်နှင့် အခန်း (၁၃) အရ လိုအပ်သော အခြားအချက်အလက်များကို သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။

(ဂ) သို့ရာတွင် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင်ပါရှိသည့် ပြဋ္ဌာန်းချက်မှတစ်ပါး အစုရှယ်ယာများ သို့မဟုတ် အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်း စာရွက်စာတမ်းများအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အပြည့်အစုံ တံဆိပ်ခေါင်းကပ်ပြီး လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းပေးခြင်းခံရသူက လက်မှတ်ရေးထိုး ဆောင်ရွက်ထားမှ ကုမ္ပဏီသည် လွှဲပြောင်းမှုကို မှတ်ပုံတင်ခြင်း ပြုရမည်။ ထို့အပြင် ကုမ္ပဏီသို့ အောက်ပါအချက်အလက်များအား ပေးအပ်ရမည် -

(၁) လွှဲပြောင်းရန် အဆိုပြုထားသည့် အစုရှယ်ယာများ သို့မဟုတ် အကျိုးခံစားခွင့်များအတွက် သက်သေခံချက်ဖြစ်စေမည့် သက်ဆိုင်ရာအထောက်အထား လက်မှတ်များနှင့်

(၂) လွှဲပြောင်းမှုအကြောင်းကြောင့် ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြားနိုင်ငံခြားသား တစ်ဦးဦး သို့မဟုတ် ၎င်းတို့ ပေါင်းစည်းလျက် ကုမ္ပဏီ၏ အစုရှယ်ယာများအပေါ် ပိုင်ဆိုင်မှု အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ရရှိလာခြင်း သို့မဟုတ် ရပ်စဲသွားခြင်းအကြောင်း လွှဲပြောင်းပေးသူ သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် ၎င်းတို့နှစ်ဦးလုံးက ပြုလုပ်သည့် ကြေညာချက်။

(ဃ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်တွင် ပါရှိသည့် စည်းကမ်းချက်များ၌ အတိအလင်း အခွင့်အာဏာအပ်နှင်းထားလျှင် သို့မဟုတ် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ အခြားနည်းခွင့်ပြုထားလျှင် သို့မဟုတ် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအား လိုက်နာဆောင်ရွက်ရန်လိုအပ်လျှင် ဒါရိုက်တာအဖွဲ့သည် လွှဲပြောင်းခြင်းအတွက် လျှောက်လွှာနှင့် ဤပုဒ်မအရ လိုအပ်သော အခြားစာရွက်စာတမ်းများကို လက်ခံရရှိပြီးနောက် (၂၁) ရက်အတွင်း လွှဲပြောင်းမှုအား ဖော်ပြထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ ထိုသို့ ဆုံးဖြတ်ချက်ချမှတ် ပြီးနောက် (၇) ရက်အတွင်း အကြောင်းပြချက်များကို ထည့်သွင်းဖော်ပြလျက် ငြင်းပယ်သည့် အကြောင်းကြားစာကို လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းပေးခြင်းခံရသူများထံသို့ ပေးပို့ခဲ့လျှင် ကုမ္ပဏီသည် လွှဲပြောင်းခြင်အား မှတ်ပုံတင်ရန် ငြင်းပယ်နိုင်သည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ) တွင် ပါရှိသည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှ အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့် တစ်ရပ်ရပ်ကို ဥပဒေအရ လွှဲပြောင်းပေးခြင်းခံရသူ တစ်ဦးဦးအား အစုရှယ်ယာရှင် သို့မဟုတ် ကုမ္ပဏီရှိ မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို လက်ဝယ်ထားရှိသူအဖြစ် မှတ်ပုံတင်စာရင်းရေးသွင်းနိုင်သည့် ကုမ္ပဏီ၏ အခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်စေခြင်း မရှိစေရ။

၈၄။ ပုဒ်မ ၈၃၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အား လိုက်နာဆောင်ရွက်ရာတွင် ပျက်ကွက်မှုရှိခဲ့ပါက သိလျက်ဖြင့် ဆောင်ရွက်ခဲ့သည့် ဒါရိုက်တာအားလုံးသည် ပျက်ကွက်မှုဖြစ်ပေါ်သည့်ကာလအတွင်း ပြစ်ဒဏ်ပမာဏ (၃) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရန် တာဝန်ရှိသည်။

၈၅။ လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် လွှဲပြောင်းပေးသူတစ်ဦးဦးစီသည် သိလျက်ဖြင့်ဖြစ်စေ၊ ပေါ့လျော့၍ဖြစ်စေ ပုဒ်မ ၈၃၊ ပုဒ်မခွဲ (ဂ)၊ အပိုဒ် (၂) အရ ပြုလုပ်သည့် ကြေညာချက်တွင် ကုမ္ပဏီသို့ မမှန်ကန်သော ဖော်ပြချက်တစ်ရပ်ရပ် ပြုလုပ်ပါရှိစေခဲ့လျှင် ထိုသို့ ပြုလုပ်မှုအတွက် ပြစ်ဒဏ်ပမာဏ (၁၅) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၈၆။ **အစုရှယ်ယာများနှင့် အခြား အကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်း မှတ်ပုံတင်ခြင်း**

(က) အစုရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသောအကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်းအား မှတ်ပုံတင်သည့် (၂၁) ရက်အတွင်း ကုမ္ပဏီသည် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် လွှဲပြောင်းမှု အကြောင်းကြားစာအား မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

(ခ) ထိုသို့လွှဲပြောင်းခြင်းကြောင့် ကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီတစ်ခုအဖြစ်သို့ ရောက်ရှိသည် သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုအဖြစ်မှ ရပ်စဲသည်ဆိုသည်ကို အကြောင်းကြားစာတွင် ဖော်ပြရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်းသည် အစုရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်း၏ တရားဝင်မှုကို ထိခိုက်ခြင်းမရှိစေရ။

၈၇။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၈၆ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့် ဆောင်ရွက်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၁၅) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၈၈။ **တရားဝင်ကိုယ်စားလှယ်ဖြင့်လွှဲပြောင်းခြင်း**

ကုမ္ပဏီရှိ ကွယ်လွန်ခဲ့သော ပါဝင်သူတစ်ဦးဦး သို့မဟုတ် အခြားအကျိုးခံစားခွင့်ကို လက်ဝယ်ထားရှိသော ကွယ်လွန်သူတစ်ဦးဦး၏ အစုရှယ်ယာ သို့မဟုတ် အခြားသော အကျိုးခံစားခွင့်အား ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်ဖြင့် လွှဲပြောင်းခြင်းသည် ယင်းတရားဝင် ကိုယ်စားလှယ်မှာ အကျိုးခံစားခွင့်နှင့်သက်ဆိုင်သည့် ကုမ္ပဏီပါဝင်သူ သို့မဟုတ် လက်ဝယ်ထားရှိသူ မဟုတ်စေကာမူ အဆိုပါ လွှဲပြောင်းမှုစာချုပ်အား ချုပ်ဆိုဆောင်ရွက်သည့်အချိန်၌ အကျိုးခံစားခွင့်နှင့် သက်ဆိုင်သည့် ကုမ္ပဏီပါဝင်သူ သို့မဟုတ် လက်ဝယ်ထားရှိသူဖြစ်သကဲ့သို့ တရားဝင်စေရမည်။

## အခန်း (၁၃) မှတ်ပုံတင်စာရင်းများနှင့် ကုမ္ပဏီရှိ အကျိုးခံစားခွင့်များအား မှန်ကန်ကြောင်း ထောက်ခံခြင်း

### ၈၉။ ပိုင်ဆိုင်ခွင့်အထောက်အထားဖြစ်စေမည့် အစုရှယ်ယာများ၏ သက်သေခံလက်မှတ်

(က) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက ပိုင်ဆိုင်သည့် အစုရှယ်ယာ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းဖော်ပြချက်ပါရှိပြီး ပုဒ်မ ၂၉ နှင့်အညီ ကုမ္ပဏီ၏ ရုံးတံဆိပ်ခတ်နှိပ်ထားသော သို့မဟုတ် အခြားနည်းဖြင့်လက်မှတ်ရေးထိုးထားသော သက်သေခံလက်မှတ်တစ်ခုသည် အဆိုပါ အစုရှယ်ယာ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီတွင်ပါဝင်သူ၏ မှန်ကန်ကြောင်းထင်ရှားသော ပိုင်ဆိုင်ခွင့်အထောက်အထား ဖြစ်စေရမည်။

( ခ ) ကုမ္ပဏီ၏အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့ရှယ်ယာများ သို့မဟုတ် အခြား မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို ထုတ်ဝေသတ်မှတ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းအား မှတ်ပုံတင်ပြီးနောက် (၂၈) ရက်အတွင်း အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအားလုံးသည် ထုတ်ဝေသတ်မှတ်ထားသော သို့မဟုတ် လွှဲပြောင်းထားသော အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့ရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များအားလုံး၏ သက်သေခံလက်မှတ်ကို ထုတ်ဝေခြင်းနှင့် သက်ဆိုင်သော စည်းကမ်းချက်များအား အခြားနည်းဖြင့် သတ်မှတ်ထားခြင်းမရှိလျှင် ပြီးစီးအောင်ဆောင်ရွက်၍ ပေးအပ်ရန်အတွက် အသင့်ပြုလုပ်ထားရှိရမည်။

( ဂ ) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) နှင့်အညီ ထုတ်ပေးသော သက်သေခံလက်မှတ်အားလုံးတွင် အောက်ပါတို့ကို ဖော်ပြရမည် -

(၁) ကုမ္ပဏီ၏အမည်၊

(၂) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ၊

(၃) အစုရှယ်ယာ သက်သေခံလက်မှတ်နှင့် သက်ဆိုင်လျှင် အစုရှယ်ယာအရေအတွက်၊ အစုရှယ်ယာများ၏ အမျိုးအစား၊ အစုရှယ်ယာများအတွက် ပေးချေထားသည့် ငွေပမာဏ၊ အစုရှယ်ယာများအတွက် ပေးချေရခြင်းမရှိသေးသည့် ငွေပမာဏရှိခဲ့လျှင် ယင်းငွေပမာဏနှင့် အစုရှယ်ယာများအတွက် ငွေပေးချေပြီးဖြစ်သည့် ရာခိုင်နှုန်းနှင့်

(၄) မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များဖြစ်လျှင် အဆိုပါ ငွေချေးသက်သေခံလက်မှတ် အရေအတွက်၊ အမျိုးအစားနှင့် ပေးချေထားသော ငွေပမာဏ၊ အစုရှယ်ယာအဖြစ် လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များဖြစ်လျှင် ထိုသို့ လဲလှယ်နိုင်မည့် အစုရှယ်ယာ သို့မဟုတ် အခြားသော အကျိုးခံစားခွင့်များ၏ အရေအတွက်။

( ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းသည် အစုရှယ်ယာ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လက်ဝယ်ထားရှိသူတစ်ဦးဦး၏ အခွင့်အရေးများကို အကျိုးသက်ရောက်စေခြင်းမရှိစေရ။

### ၉၀။ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း

(က) ကုမ္ပဏီတစ်ခုအား ဖွဲ့စည်းတည်ထောင်ရန်အတွက် လျှောက်လွှာတွင်ဖော်ပြပါရှိသော ကုမ္ပဏီတွင် ပါဝင်သူများအဖြစ် အမည်ဖော်ပြထားသူများကို ကုမ္ပဏီတွင်ပါဝင်သူများဖြစ်သည်ဟု သဘောတူ လက်ခံထားကြောင်း မှတ်ယူရမည်ဖြစ်ပြီး ယင်းကုမ္ပဏီအား မှတ်ပုံတင်သည့်အခါ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း၌ ၎င်းတို့အား ကုမ္ပဏီတွင်ပါဝင်သူအဖြစ် ရေးသားဖော်ပြရမည်။

( ခ ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ် သဘောတူလက်ခံထား၍ ၎င်း၏အမည်ကို ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ရေးသားဖော်ပြထားသူများသည် ကုမ္ပဏီတွင်ပါဝင်သူများ ဖြစ်သည်။

(ဂ) အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအားလုံးသည် ၎င်းတို့ကုမ္ပဏီတွင် ပါဝင်သူများ၏ နောက်ဆုံးအချက်အလက်များအထိပါရှိသော မှတ်ပုံတင်စာရင်းကို ထားရှိရမည်ဖြစ်ပြီး အောက်ပါအချက်အလက်များကိုလည်း ယင်းမှတ်ပုံတင် စာရင်းတွင် ရေးသားဖော်ပြရမည် -

(၁) ကုမ္ပဏီတွင် ပါဝင်သူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့်နိုင်ငံသား ဖြစ်သည်ဟူသောအချက်များ၊

(၂) ပုဂ္ဂိုလ်တစ်ဦးအား ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြသည့်ရက်စွဲနှင့်

(၃) ပုဂ္ဂိုလ်တစ်ဦးအား ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့် ရက်စွဲ။

(ဃ) အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီတွင် အစုရှယ်ယာမတည်ငွေရင်းရှိခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း၌ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်နှင့်အညီ အောက်ပါတို့ကိုလည်းဖော်ပြရမည် -

(၁) အစုရှယ်ယာများကိုထုတ်ဝေမှု ပြုလုပ်သည့်ရက်စွဲ၊

(၂) ထုတ်ဝေမှုတစ်ရပ်စီတွင်ပါရှိသည့် အစုရှယ်ယာအရေအတွက်၊

(၃) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ပိုင်ဆိုင်သည့် အစုရှယ်ယာများ၊

(၄) အစုရှယ်ယာများ၏ အမျိုးအစား၊

(၅) အစုရှယ်ယာအမှတ်စဉ်များနှင့် အစုရှယ်ယာသက်သေခံလက်မှတ်များ၏ အမှတ်စဉ်များ၊

(၆) အစုရှယ်ယာများအတွက် ပေးချေထားသည့်ငွေပမာဏ၊

(၇) အစုရှယ်ယာများအတွက် အပြည့်အဝ ငွေပေးချေထားခြင်း ရှိ မရှိနှင့်

(၈) အစုရှယ်ယာများအတွက် ပေးချေရန် ကျန်ရှိသည့်ငွေပမာဏရှိခဲ့လျှင် ယင်းငွေပမာဏ။

**၉၁။ ကုမ္ပဏီတွင် ပါဝင်သူများနှင့် စပ်လျဉ်းသည့်အညွှန်းစာရင်း**

(က) ပါဝင်သူဦးရေ (၅၀) အထက်ရှိသော ကုမ္ပဏီအားလုံးသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အညွှန်းစာရင်းတစ်ရပ်အဖြစ် ပြုစုထားရှိခြင်းမဟုတ်လျှင် ကုမ္ပဏီတွင် ပါဝင်သူများ၏ အမည်များအတွက် နောက်ဆုံးအချက်အလက်များပါရှိသော အညွှန်းစာရင်းတစ်ရပ်ကို ပြုစုထားရှိရမည်ဖြစ်ပြီး ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပြောင်းလဲပြင်ဆင်မှုတစ်ရပ်ရပ်ပြုလုပ်သည့်နေ့မှ (၁၄) ရက်အတွင်း အညွှန်းစာရင်းတွင် လိုအပ်သော ပြောင်းလဲပြင်ဆင်မှုကိုပြုလုပ်ရမည်။

(ခ) ကုမ္ပဏီတွင်ပါဝင်သူများအတွက် အညွှန်းစာရင်းတွင် ၎င်းနှင့်သက်ဆိုင်သည့် အချက်အလက်များအား မှတ်ပုံတင်စာရင်း၌ လွယ်ကူစွာ ရှာဖွေသိရှိနိုင်ရန်အတွက် လုံလောက်သည့် အညွှန်းသင်္ကေတများကို ထည့်သွင်းဖော်ပြရမည်။

**၉၂။ အော့ပ်ရှင် (option) ရှိသူများ၏ မှတ်ပုံတင်စာရင်း**

(က) ထုတ်ဝေခြင်းမပြုရသေးသော အစုရှယ်ယာများ သို့မဟုတ် အခြားအကျိုးခံစားခွင့်များကို အော့ပ်ရှင် (option) ပြုထားသော ကုမ္ပဏီအားလုံးသည် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်းတင်ထားသော အော့ပ်ရှင် (option) ရှိသူများ၏ မှတ်ပုံတင်စာရင်းတစ်ခုကို ပြုလုပ်ထားရှိရမည် -

(၁) ကုမ္ပဏီတွင်အော့ပ်ရှင် (option) ရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့်နိုင်ငံသားဖြစ်သည် ဟူသောအချက်များအပြင် အော့ပ်ရှင် (option) ပြုထားသည့် အစုရှယ်ယာများ သို့မဟုတ် အခြားအကျိုးခံစားခွင့်များ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊

(၂) ပုဂ္ဂိုလ်တစ်ဦးစီအား အော့ပ်ရှင် (option) ပြုထားသည့် အစုရှယ်ယာများအတွက် အော့ပ်ရှင် (option) ရှိသူတစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြခဲ့သည့်ရက်စွဲ၊

(၃) အော့ပ်ရှင် (option) ကိုကျင့်သုံးဆောင်ရွက်နိုင်သည့် ကာလ သို့မဟုတ် အချိန်၊

(၄) အော့ပ်ရှင် (option) ကို ကျင့်သုံးဆောင်ရွက်ခြင်းမပြုမီက ပေါ်ပေါက်ရမည့် အဖြစ်အပျက် တစ်ရပ်ရပ်၊

(၅) အော့ပ်ရှင် (option) ပေးခြင်းအတွက် ပေးချေရသည့် ငွေပမာဏတစ်ရပ်ရပ်၊

(၆) အော့ပ်ရှင် (option) ကျင့်သုံးဆောင်ရွက်မှုအတွက် ပေးချေရမည့်ငွေပမာဏ တစ်ရပ်ရပ် သို့မဟုတ် အဆိုပါ ငွေပမာဏအား သတ်မှတ်သည့်နည်းလမ်းနှင့်

(၇) ပုဂ္ဂိုလ်တစ်ဦးအား အော့ပ်ရှင် (option) ရှိသူတစ်ဦးအဖြစ်မှ ရပ်စဲသည့် ရက်စွဲ။

( ခ ) အော့ပ်ရှင် (option) ရှိသူများ၏ မှတ်ပုံတင်စာရင်းသည် အော့ပ်ရှင် (option) များအား ကျင့်သုံးဆောင်ရွက်သည့်အခါ သို့မဟုတ် သက်တမ်းကုန်ဆုံးသည့်အခါများတွင် အဆိုပါ မှတ်ပုံတင်စာရင်းအား နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက်ပြုစုထားရှိရမည်။

( ဂ ) အော့ပ်ရှင် (option) များအား လွှဲပြောင်းသည့် ပုဂ္ဂိုလ်တစ်ဦးသည် လွှဲပြောင်းသည့် အကြောင်းကြားစာအား ကုမ္ပဏီသို့ ပေးပို့သည့်အခါမှသာလျှင် ကုမ္ပဏီသည် အော့ပ်ရှင် (option) တစ်ရပ်အား လွှဲပြောင်းခြင်းအတွက် အော့ပ်ရှင် (option) ရှိသူများ၏ မှတ်ပုံတင်စာရင်းတွင် နောက်ဆုံးဖြစ်ပေါ်သည့်အချက်အလက်များဖြင့် ဖြည့်စွက်ရန်လိုအပ်မည်ဖြစ်သည်။ ကုမ္ပဏီမှ အော့ပ်ရှင် (option) အား လွှဲပြောင်းသည့်ကိစ္စရပ်ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရန် ပျက်ကွက်ခြင်းသည် အော့ပ်ရှင် (option) လွှဲပြောင်းမှုကို ထိခိုက်စေခြင်းမရှိစေရ။

## ၉၃။ ဒီဘင်ချာရှိသူများ၏ မှတ်ပုံတင်စာရင်း

ဒီဘင်ချာများထုတ်ဝေသည့် ကုမ္ပဏီအားလုံးသည် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်းတင်ထားသော ဒီဘင်ချာရှိသူများ၏ မှတ်ပုံတင်စာရင်း တစ်ခုကို ပြုလုပ်ထားရှိရမည် -

(က) ဒီဘင်ချာရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့်နိုင်ငံသားဖြစ်သည်ဟူသော အချက်များအပြင် ၎င်းတို့ထံ ထုတ်ဝေထားသည့် သို့မဟုတ် ၎င်းတို့ လက်ဝယ်ရှိသည့် ဒီဘင်ချာများ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊

( ခ ) ပုဂ္ဂိုလ်တစ်ဦးစီအား ဒီဘင်ချာရှိသူတစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြခဲ့သည့် ရက်စွဲနှင့်

( ဂ ) ပုဂ္ဂိုလ်တစ်ဦးအား ဒီဘင်ချာရှိသူတစ်ဦးအဖြစ်မှ ရပ်စဲသည့် ရက်စွဲ။

## ၉၄။ အခြား အကျိုးခံစားခွင့်များ၏ မှတ်ပုံတင်စာရင်း

(က) ကုမ္ပဏီတစ်ခုသည် ယင်း၏ အစုရှယ်ယာမတည်ငွေရင်းရှိ အခြားအကျိုးခံစားခွင့်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ထုတ်ဝေထားသည့် အကျိုးခံစားခွင့်တစ်ရပ်အား ရယူရန် အခွင့်အရေး ပေးအပ်ထားသော ငွေချေးသက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍ဖြစ်စေ အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်နှင့်အညီ အောက်ပါအချက်အလက်များကို မှတ်တမ်းတင်ထားသော မှတ်ပုံတင်စာရင်း တစ်ခုကို ပြုလုပ်ထားရှိရမည် -

(၁) အကျိုးခံစားခွင့်လက်ဝယ်ရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့် နိုင်ငံသား ဖြစ်သည်ဟူသော အချက်များအပြင် ၎င်းတို့ထံ ထုတ်ဝေထားသည့် သို့မဟုတ် ၎င်းတို့ လက်ဝယ်ရှိသည့် အကျိုးခံစားခွင့်များ၏ အရေအတွက်နှင့် ရှင်းလင်းဖော်ပြချက်၊

(၂) ပုဂ္ဂိုလ်တစ်ဦးစီအားအကျိုးခံစားခွင့် လက်ဝယ်ရှိသူတစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြခဲ့သည့်ရက်စွဲ၊

(၃) ပုဂ္ဂိုလ်တစ်ဦးအား အကျိုးခံစားခွင့် လက်ဝယ်ရှိသူတစ်ဦးအဖြစ်မှ ရပ်စဲသည့်ရက်စွဲနှင့်

(၄) အကျိုးခံစားခွင့်သက်တမ်းကုန်ဆုံးခြင်း၊ ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် လဲလှယ်ခြင်းများနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ။

(ခ) ဤပုဒ်မအရ အကျိုးခံစားခွင့်တစ်ရပ်ရပ်၏ မှတ်ပုံတင်စာရင်းသည် ကုမ္ပဏီရှိ အစုရှယ်ယာများအဖြစ်သို့ လဲလှယ်နိုင်သည့် ငွေချေးသက်သေခံလက်မှတ်များကို လက်ဝယ်ပိုင်ဆိုင်ထားသူများ၏ မှတ်ပုံတင်စာရင်းတစ်ရပ်ဖြစ်ခဲ့လျှင် အကျိုးခံစားခွင့်များအား လဲလှယ်ဆောင်ရွက်သည့်အခါ သို့မဟုတ် သက်တမ်းကုန်ဆုံးသည့်အခါများတွင် အဆိုပါ မှတ်ပုံတင်စာရင်းအား နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက်ပြုစုထားရှိရမည်။

(ဂ) အကျိုးခံစားခွင့်အား လွှဲပြောင်းသည့်ပုဂ္ဂိုလ်တစ်ဦးသည် လွှဲပြောင်းသည့်အကြောင်းကြားစာအား ကုမ္ပဏီသို့ပေးပို့သည့်အခါမှသာလျှင် ကုမ္ပဏီသည် မှတ်ပုံတင်စာရင်း ရေးသွင်းထားသည့် အကျိုးခံစားခွင့်အား လွှဲပြောင်းခြင်းတစ်ရပ်ရပ်နှင့် ပတ်သက်၍ ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) တွင် ဖော်ပြပါရှိသည့်အမျိုးအစားနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်းတွင် နောက်ဆုံးဖြစ်ပေါ်သည့် အချက်အလက်များဖြင့် ဖြည့်စွက်ရန်လိုအပ်မည်ဖြစ်သည်။ ကုမ္ပဏီက အကျိုးခံစားခွင့်အား လွှဲပြောင်းသည့်ကိစ္စရပ်ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရန် ပျက်ကွက်ခြင်းသည် အကျိုးခံစားခွင့်လွှဲပြောင်းမှု တရားဝင်ခြင်းကို ထိခိုက်စေခြင်းမရှိစေရ။

**၉၅။ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်း၌ ထိန်းသိမ်းထားရှိရမည့် မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများ**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဤအခန်းအရ ထိန်းသိမ်းထားရှိရမည့် ကုမ္ပဏီနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်းများအားလုံးနှင့် အညွှန်းစာရင်းများကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိက ဆောင်ရွက်ရာနေရာ၌ ထိန်းသိမ်းထားရှိရမည်။

(ခ) ကုမ္ပဏီသည် ၎င်း၏ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိရန်အတွက် နိုင်ငံတော်အတွင်း မည်သူ့ကိုမဆို ခန့်အပ်နိုင်သည်။ ထိုသို့ ဆောင်ရွက်သည့်အခါ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ဖော်ပြပါ ခန့်အပ်ခံရသူပုဂ္ဂိုလ်၏ ရုံးခန်း၌ ကုမ္ပဏီကိုယ်စား ထိန်းသိမ်းထားရှိနိုင်သည်။

(ဂ) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိကဆောင်ရွက်သော နေရာမဖြစ်သည့် အခြားနေရာတစ်ခုခု၌ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိသည့်အခါ ထိုသို့ထားရှိသည့်နေ့မှ (၂၁) ရက်အတွင်း ကုမ္ပဏီသည် အဆိုပါ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိသည့် နေရာအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည်ဖြစ်သည့်အပြင် ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိသည့် နေရာပြောင်းလဲမှုရှိခဲ့ပါကလည်း ထိုသို့ ပြောင်းလဲသည့်နေ့မှ (၂၁) ရက် အတွင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

**၉၆။ မှတ်ပုံတင်စာရင်းတွင် ပြောင်းလဲပြင်ဆင်မှုများအား အကြောင်းကြားရခြင်း**

(က) ကုမ္ပဏီတစ်ခုသည် ဤအခန်းတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်စာရင်းတွင် ပြုလုပ်သည့် ပြောင်းလဲပြင်ဆင်မှုအသေးစိတ်ကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

(ခ) သက်ဆိုင်ရာ ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်သည့်နေ့မှ (၂၁) ရက်အတွင်း အကြောင်းကြားတင်ပြခြင်းကို ပြုလုပ်ရမည်။

၉၇။ **နှစ်စဉ်အစီရင်ခံစာ၊ ကုမ္ပဏီတွင်ပါဝင်သူများစာရင်းနှင့် အကျဉ်းချုပ်ဖော်ပြချက်**

(က) ကုမ္ပဏီအားလုံးသည် ယင်းအား ဖွဲ့စည်းတည်ထောင်သည့်နေ့မှ (၂) လအတွင်းနှင့် ၎င်းနောက်ပိုင်း ကာလအတွက် နှစ်စဉ် အနည်းဆုံးတစ်ကြိမ် သို့ရာတွင် ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့် နှစ်ပတ်လည်ကာလ ကုန်ဆုံးပြီးနောက် (၁) လထက် နောက်မကျစေဘဲ ကုမ္ပဏီ၏ အသေးစိတ် ဖော်ပြချက်များပါရှိသော နှစ်စဉ်အစီရင်ခံစာတစ်ခုကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင် အရာရှိထံသို့ တင်ပြရမည်။

(ခ) သို့ရာတွင် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်မှတစ်ပါး နှစ်စဉ်အစီရင်ခံစာ၌ အောက်ပါအချက်အလက်များ ပါရှိစေရမည် -

(၁) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောအမည်၊

(၂) ကုမ္ပဏီ၏ မှတ်ပုံတင်အမှတ်စဉ်၊

(၃) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင် စာရင်းကို အခြားနေရာတစ်ခုခုတွင် ထိန်းသိမ်းထားရှိခဲ့ပါက ထိုသို့ထိန်းသိမ်းထားရှိသည့် နေရာ၏ လိပ်စာ (ကွဲလွဲလျှင်)၊

(၄) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီတွင် အစုရှယ်ယာအရေအတွက် အများဆုံးပိုင်ဆိုင်ထားသည့် ပါဝင်သူဦးရေ (၅၀) ၏ စာရင်း သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူဦးရေ (၅၀) အောက်နည်းလျှင် ထိုသို့ ပါဝင်သူများ၏ စာရင်းနှင့် ၎င်းတို့၏ အမည် များ၊ နေရပ်လိပ်စာများ၊ မည်သည့်နိုင်ငံသားဖြစ်ကြောင်းနှင့် ပိုင်ဆိုင်သည့် အစုရှယ်ယာ အရေအတွက်၊

(၅) အခြားကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူများစာရင်းနှင့် ၎င်းတို့၏အမည်များ၊ နေရပ် လိပ်စာများ၊ မည်သည့်နိုင်ငံသားဖြစ်ကြောင်းနှင့် ပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက် အပြင် နောက်ဆုံး နှစ်စဉ်အစီရင်ခံစာတင်ပြသည့်နေ့ရက်မှစတင်၍ ကုမ္ပဏီတွင်ပါဝင်သူများ အဖြစ်မှ ရပ်စဲခဲ့သူများစာရင်း၊

(၆) ကုမ္ပဏီ၏ နောက်ဆုံးပြုလုပ်ခဲ့သော နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ ဆောင်ရွက်ခဲ့လျှင် ကျင်းပသည့်နေ့ရက်၊

(၇) ကုမ္ပဏီ၏ငွေစာရင်းများအား ပြုလုပ်ခဲ့သည့်နေ့ရက်နှင့် နှစ်စဉ်အစီရင်ခံစာအား ဖော်ပြသည့် နေ့ရက်တို့တွင် ကုမ္ပဏီ၏အဓိကလုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုများဆိုင်ရာ သီးခြား ဖော်ပြချက်များ၊

(၈) ငွေသားဖြင့်ထုတ်ဝေသည့် အစုရှယ်ယာများနှင့် ငွေသားမှတစ်ပါး အခြားနည်းဖြင့် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း ပေးချေထားသည့် အစုရှယ်ယာများအား ပိုင်းခြားဖော်ပြထားသည့် အကျဉ်းချုပ်၊

(၉) ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းပမာဏနှင့် ပိုင်းခြားသတ်မှတ်ထားသည့် အစုရှယ်ယာ အရေအတွက်၊

(၁၀) အစုရှယ်ယာတစ်ခုစီအတွက် သတ်မှတ်တောင်းဆိုထားသည့် ပေးချေရန်ငွေပမာဏ၊

(၁၁) နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့၏ နောက်ပိုင်းတွင် လက်လွှတ် ဆုံးရှုံးသော သို့မဟုတ် ပယ်ဖျက်သော အစုရှယ်ယာအရေအတွက်စုစုပေါင်း၊

(၁၂) နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့၏ နောက်ပိုင်းတွင် ကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီဖြစ်လာသည့်အကြောင်း သို့မဟုတ် နိုင်ငံခြားကုမ္ပဏီအဖြစ်မှရပ်စဲသည့် အကြောင်းနှင့် ပြောင်းလဲသွားသောနေ့ရက်၊

(၁၃) ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ၊ အစုများပိုင်ဆိုင်သည့်ကုမ္ပဏီနှင့် မူရင်းအစုများပိုင်ဆိုင်သည့်ကုမ္ပဏီရှိခဲ့လျှင် ၎င်းတို့၏ အမည်များ၊

(၁၄) နှစ်စဉ်အစီရင်ခံစာပြုလုပ်သည့်နေ့တွင် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ကြသူများနှင့် ကုမ္ပဏီ၏ အတွင်းရေးမှူးများရှိခဲ့လျှင် ၎င်းတို့၏အမည်များ၊ နေရပ်လိပ်စာများ၊ ကျား/မ၊ မည်သည့်နိုင်ငံသားဖြစ်သည်ဟူသောအကြောင်းနှင့် နောက်ဆုံးနှစ်စဉ်အစီရင်ခံစာပြုစုပြီး နောက်ပိုင်း ၎င်းတို့ကိုပြောင်းလဲပြင်ဆင်ခြင်းနှင့်သက်ဆိုင်သည့်အချက်အလက်များ၊ ထိုသို့ ပြောင်းလဲပြင်ဆင်ခဲ့သည့်နေ့ရက်။

(၁၅) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံတင်ပြ၍ မှတ်ပုံတင်ထားရန် လိုအပ်သောပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများကို မှတ်ပုံတင်ထားပြီးကြောင်း အတည်ပြုချက်နှင့်

(၁၆) အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် အခြားအချက်အလက်များ။

(ဂ) မှတ်ပုံတင်အရာရှိထံသို့ ဖော်ပြပါအချက်အလက်များအား တင်ပြရမည့်အပြင် အထက်ပါ အချက်အလက်များနှင့် အကျဉ်းချုပ်ဖော်ပြချက်များကို ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း၌ သီးခြားအပိုင်းတွင် ထည့်သွင်းဖော်ပြရမည်။ မှတ်ပုံတင်စာရင်းနှင့်အတူ ထိန်းသိမ်းထားရှိသည့် နှစ်စဉ်အစီရင်ခံစာနှင့် မိတ္တူများကို ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦး သို့မဟုတ် အတွင်းရေးမှူးတစ်ဦးက လက်မှတ်ရေးထိုးထားရမည့်အပြင် စာရင်းနှင့် အကျဉ်းချုပ်များတွင်ပါသည့် အချက်အလက်များကို ဖော်ပြပါနေ့အထိ မှန်ကန်ကြောင်းဖော်ပြရမည်။

(ဃ) အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီတစ်ခုသည် ယင်း၏ ဒါရိုက်တာတစ်ဦးကဖြစ်စေ၊ အတွင်းရေးမှူးကဖြစ်စေ၊ အခြားအရာရှိကဖြစ်စေ လက်မှတ်ရေးထိုးထားသည့် သက်သေခံလက်မှတ်တစ်ခုကို ဤပုဒ်မ၏ ပုဒ်မခွဲ (က) အရ လိုအပ်သော နှစ်စဉ်အစီရင်ခံစာနှင့်အတူ ပူးတွဲတင်ပြရမည်။ ထိုသက်သေခံလက်မှတ်၌ နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့နောက်ပိုင်း သို့မဟုတ် ပထမအကြိမ်ပြုလုပ်သည့် နှစ်စဉ်အစီရင်ခံစာဖြစ်ပါက ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ခဲ့သည့်နေ့ရက် နောက်ပိုင်းတွင် ကုမ္ပဏီသည် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများအတွက် ငွေကြေးထည့်ဝင်စေရန် အများပြည်သူများအား တစ်စုံတစ်ရာ ကမ်းလှမ်းထားခြင်းမရှိကြောင်း ဖော်ပြပါရှိစေရမည်။

## ၉၈။ မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်းမပြုရမည့် ယုံကြည်အပ်နှံမှုများ

(က) အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သို့မဟုတ် အကျိုးဖြစ်ထွန်းမှုရှိစေမည်ဖြစ်သော မည်သည့်ယုံကြည်အပ်နှံမှုကိုမျှ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းခြင်းသော်လည်းကောင်း၊ မှတ်ပုံတင်အရာရှိက လက်ခံခြင်းသော်လည်းကောင်း မပြုလုပ်ရ။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) ၌ မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းတွင် အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို လက်ဝယ်ရှိသူအဖြစ် မှတ်ပုံတင်ထားသည့် သေဆုံးသူ တစ်ဦး၏ တရားဝင်ကိုယ်စားလှယ်သည် အဆိုပါသေဆုံးသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်စားလှယ် အနေဖြင့် ဖော်ပြပါ အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်အား လက်ဝယ်ရှိသူအဖြစ် ကုမ္ပဏီ၏ သဘောတူညီချက်နှင့်အညီ မှတ်ပုံတင်ခွင့်ရရှိသည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) ၌ မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းတွင် အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို လက်ဝယ်ရှိသူအဖြစ် မှတ်ပုံတင်ထားသည့် ဒေဝါလီခံရသူ တစ်ဦး၏ ပစ္စည်းများအတွက် ယုံကြည်အပ်နှံခြင်းခံရသူ၊ အတည်ပြုဆောင်ရွက်ရသူ၊ စီမံဆောင်ရွက်ရသူ သို့မဟုတ် လွှဲအပ်ခံရသူသည် အဆိုပါ ဒေဝါလီခံရသူ၏ပစ္စည်းများအတွက် ယုံကြည်အပ်နှံခြင်းခံရသူ၊ အတည်ပြုဆောင်ရွက်ရသူ၊ စီမံဆောင်ရွက်ရသူ သို့မဟုတ် လွှဲအပ်ခံရသူအနေဖြင့် ဖော်ပြပါ အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်အား လက်ဝယ်ရှိသူအဖြစ် ကုမ္ပဏီ၏ သဘောတူညီချက်နှင့်အညီ မှတ်ပုံတင်ခွင့်ရရှိသည်။

၉၉။ **မှတ်ပုံတင်စာရင်းများအား စစ်ဆေးခြင်း**

(က) ဤဥပဒေအရ ထိန်းသိမ်းထားရှိသည့် ကုမ္ပဏီတစ်ခုနှင့်သက်ဆိုင်သော မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများအားလုံးကို နေ့စဉ်အလုပ်ချိန်အတွင်း ကုမ္ပဏီမှ အထွေထွေအစည်းအဝေးတွင် ချမှတ်နိုင်သော စစ်ဆေးရန်ခွင့်ပြုမည့် နေ့ရက်တစ်ရက်စီတွင် သာမန်အလုပ်ချိန်အတွင်း အချိန် (၂) နာရီအောက်မနည်းစေမည့် သင့်လျော်သောစည်းကမ်းကန့်သတ်ချက်များနှင့်အညီ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက စစ်ဆေးနိုင်ရန်အတွက် အခမဲ့ခွင့်ပြုပေးရမည်ဖြစ်ပြီး အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ခဲ့လျှင် အခြားပုဂ္ဂိုလ်တစ်ဦးဦးမှ စစ်ဆေးမှုတစ်ရပ်စီအတွက် ဒါရိုက်တာများမှ သတ်မှတ်ထားသော သင့်လျော်သည့် ငွေပမာဏကိုပေးဆောင်သည့် စစ်ဆေးခြင်းကိုလည်း ခွင့်ပြုရမည်။ အဆိုပါကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးသည် ဖော်ပြပါစာရင်းများမှ ကောက်နုတ်ချက်များကို ပြုလုပ်ရယူနိုင်သည်။

(ခ) ဤဥပဒေအရပြုစုထားရှိရန် လိုအပ်သောမှတ်ပုံတင်စာရင်း၊ အညွှန်းစာရင်း သို့မဟုတ် ၎င်းတို့၏ တစ်စိတ်တစ်ဒေသ၊ စာရင်းများနှင့် အကျဉ်းချုပ်များ သို့မဟုတ် ၎င်းတို့၏ တစ်စိတ်တစ်ဒေသတို့၏ မိတ္တူတစ်စောင်ကို ဒါရိုက်တာများက သတ်မှတ်ထားသော သင့်လျော်သည့် ငွေပမာဏကို ပေးဆောင်စေခြင်းဖြင့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးကသော်လည်းကောင်း၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ခဲ့လျှင် အခြားပုဂ္ဂိုလ်တစ်ဦးဦးကသော်လည်းကောင်း ရယူနိုင်သည်။ ကုမ္ပဏီသည် ပါဝင်သူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးမှ ထိုသို့တောင်းခံလာသော မိတ္တူတစ်စုံတစ်ရာအား ထိုသူမှ သတ်မှတ်ထားသော ငွေပမာဏကိုပေးသွင်းပြီး ကုမ္ပဏီကလိုအပ်သော အချက်အလက်များကို လက်ခံရရှိပြီးသည့် နောက်တစ်ရက်မှစတင်၍ (၁၀) ရက် ကာလအတွင်း ထိုသို့တောင်းခံသူထံသို့ ပေးပို့ရမည်။

၁၀၀။ ပုဒ်မ ၉၉ ၏ ပုဒ်မခွဲ (က) အရ လိုအပ်သောစစ်ဆေးမှုတစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၉၉ ၏ ပုဒ်မခွဲ (ခ) အရ လိုအပ်သော မိတ္တူတစ်စုံတစ်ရာကို သတ်မှတ်ထားသည့်ကာလအတွင်း ပေးပို့ခြင်းမရှိခဲ့လျှင် ထိုသို့ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် ပြစ်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် အမိန့်တစ်ရပ်ထုတ်ပြန်၍ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ချက်ချင်းစစ်ဆေးဆောင်ရွက်စေနိုင်သည် သို့မဟုတ် လိုအပ်သောမိတ္တူများကို ယင်းတို့အား ရယူလိုသည့် ပုဂ္ဂိုလ်များထံသို့ ပေးပို့စေရန် ညွှန်ကြားနိုင်သည်။

၁၀၁။ မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကို ပြင်ဆင်နိုင်သည့် တရားရုံး၏ အခွင့်အာဏာ

(က) အကယ်၍ -

(၁) ဤဥပဒေအရ ကုမ္ပဏီက ထိန်းသိမ်းထားရှိရမည်ဖြစ်သော မှတ်ပုံတင်စာရင်းတစ်ခု၌ ပုဂ္ဂိုလ်တစ်ဦးဦး၏အမည်ကို မှားယွင်း၍ဖော်ပြခဲ့လျှင် သို့မဟုတ် ပယ်ဖျက်ခဲ့လျှင် သို့မဟုတ်

(၂) ပုဂ္ဂိုလ်တစ်ဦးဦးအား ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့်အချက်အလက်ကို မှတ်ပုံတင်စာရင်းတွင်ရေးသွင်းရန် ပျက်ကွက်ခဲ့လျှင် သို့မဟုတ် မလိုလားအပ်သော နှောင့်နှေးမှုကို ပြုလုပ်ခဲ့လျှင်၊

နစ်နာသည့်ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းတွင်ပါရှိသော မှားယွင်းမှုကို ပြင်ဆင်ပေးနိုင်ရန်အတွက် တရားရုံးသို့ လျှောက်ထားတင်ပြနိုင်သည်။

(ခ) တရားရုံးသည် လျှောက်ထားမှုအား ငြင်းပယ်နိုင်သည် သို့မဟုတ် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန်နှင့် နစ်နာသူပုဂ္ဂိုလ်ကြုံတွေ့ခံစားခဲ့ရသော ထိခိုက်နစ်နာမှုများအတွက် ကုမ္ပဏီမှ ပေးလျော်စေရန် အမိန့်ချမှတ်နိုင်သည့်အပြင် တရားရုံးက သင့်သည်ထင်မြင်သည့် ကုန်ကျစရိတ်များကိုလည်း ပေးချေစေရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) တရားရုံးအနေဖြင့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားမှုတစ်ရပ်ရပ်အရ တင်ပြလာသည့်ကိစ္စရပ်သည် လျှောက်ထားမှုတွင် သက်ဆိုင်သူအဖြစ်ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးက ၎င်း၏အမည်အား မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်း သို့မဟုတ် ချန်လှပ်ထားခြင်းနှင့် စပ်လျဉ်း၍ ရထိုက်ခွင့်ရှိသောအကြောင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဆုံးဖြတ်နိုင်သည်။ တရားရုံးသည် အများအားဖြင့် မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကို ပြင်ဆင်ပေးနိုင်ရန်အတွက် လိုအပ်သောကိစ္စရပ်များ သို့မဟုတ် ဆုံးဖြတ်ပေးရမည်ဖြစ်သော လိုအပ်သောဆောင်ရွက်မှုများကို ဆုံးဖြတ်နိုင်သည်။

သို့ရာတွင် တရားရုံးသည် ဥပဒေရေးရာပြဿနာတစ်ရပ်ရပ်ပါရှိနိုင်သည့် ကိစ္စရပ်တစ်ခုခုကို ဖြေရှင်းစေရန် ညွှန်ကြားနိုင်ပြီး အဆိုပါကိစ္စရပ်အပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်အား အယူခံတင်ပြခြင်းကို တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၀ တွင် ဖော်ပြထားသည့် အကြောင်းအချက်များအပေါ် အခြေပြုလျက် ယင်းဥပဒေတွင်ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀၂။ **မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကို ပြင်ဆင်ခြင်းအား မှတ်ပုံတင်အရာရှိထံ တင်ပြအကြောင်းကြားရခြင်း**

တရားရုံးသည် မှတ်ပုံတင်စာရင်းရှိမှားယွင်းမှုများကိုပြင်ဆင်ရန် အမိန့်တစ်ရပ်ချမှတ်ခဲ့ပါက မှားယွင်းမှုများအားပြင်ဆင်ခြင်းကို အဆိုပါအမိန့်အား ချမှတ်သည့်နေ့မှ (၁၄) ရက်အတွင်း မှတ်ပုံတင် အရာရှိထံသို့ တင်ပြအကြောင်းကြားရမည်ဟု ယင်းအမိန့်တွင် ထည့်သွင်းဖော်ပြ၍ ညွှန်ကြားရမည်။

၁၀၃။ **အထောက်အထားဖြစ်စေရမည့် ကုမ္ပဏီတွင်ပါဝင်သူများနှင့်သက်ဆိုင်သော မှတ်ပုံတင်စာရင်း**

(က) ဤဥပဒေနှင့် အခြားသက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထိခိုက်စေခြင်းမရှိဘဲ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းသည် မှတ်ပုံတင်စာရင်းရေးသွင်းထားသော ကုမ္ပဏီတွင်ပါဝင်သူများ၏ အစုရှယ်ယာများရပိုင်ခွင့်အပါအဝင် ယင်းမှတ်ပုံတင်စာရင်းတွင် ဤဥပဒေအရ ညွှန်ကြားထားသည့် သို့မဟုတ် ခွင့်ပြုထားသည့်အတိုင်း ထည့်သွင်းဖော်ပြရမည်ဖြစ်သော ကိစ္စရပ်တစ်ခုခုအတွက် မှန်ကန်ကြောင်း ထင်ရှားသောအထောက်အထား ဖြစ်စေရမည်။

(ခ) ကုမ္ပဏီတစ်ခုသည် ယင်း၏မှတ်ပုံတင်စာရင်းတွင် ရေးသွင်းထားသည့် အစုရှယ်ယာပိုင်ဆိုင်သူတစ်ဦးအား အောက်ပါတို့ကို လက်ခံဆောင်ရွက်နိုင်ခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်သာလျှင် သတ်မှတ်ရမည် -

(၁) အစုရှယ်ယာနှင့်ဆက်စပ်သော ဆန္ဒမဲပေးပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(၂) အကြောင်းကြားချက်များကို လက်ခံရယူခြင်း၊

(၃) အစုရှယ်ယာနှင့်သက်ဆိုင်သည့်အမြတ်ဝေစုခွဲဝေမှုများကိုလက်ခံရယူခြင်းနှင့်

(၄) အစုရှယ်ယာနှင့်ဆက်စပ်သော ရပိုင်ခွင့်များနှင့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်း။

၁၀၄။ **မှတ်ပုံတင်စာရင်းများနှင့်စပ်လျဉ်း၍ ပျက်ကွက်မှုများ**

ကုမ္ပဏီဒါရိုက်တာများနှင့် အခြားအရာရှိအားလုံး၏တာဝန်မှာ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိရန်နှင့် လိုအပ်သည့်အခါ ရရှိနိုင်စေရန်၊ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရန်နှင့် ကုမ္ပဏီ၏ အခြားတာဝန်များကို ဆောင်ရွက်ရာတွင် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် လိုအပ်မည့်ဆောင်ရွက်မှုများကို ပြုလုပ်ရမည်။

၁၀၅။ ပုဒ်မ ၁၀၄ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပါဝင်သည့် ကုမ္ပဏီ၊ ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အခြားအရာရှိများတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၁၀) ခုထက်မပိုသော ငွေဒဏ်ကို ပေးဆောင်ရမည်။

## အခန်း (၁၄) အမြတ်ဝေစုများ

**၁၀၆။ အမြတ်ဝေစုများ သတ်မှတ်ခြင်း**

(က) ပုဒ်မ ၁၀၇ နှင့် ၁၀၉ အရ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီမှတစ်ပါး ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့သည် ၎င်း၏အစုရှယ်ယာရှင်များသို့ အမြတ်ဝေစုခွဲဝေပေးမည်ဟု သတ်မှတ်၍ အမြတ်ဝေစုပမာဏ၊ ပေးချေရမည့်အချိန်နှင့် ပေးချေရမည့်နည်းလမ်းများကို သတ်မှတ်ရမည်။

(ခ) အမြတ်ဝေစုပေးချေရမည့် နည်းလမ်းများတွင် ငွေသားဖြင့်ဖြစ်စေ၊ အစုရှယ်ယာထုတ်ဝေခြင်းဖြင့်ဖြစ်စေ၊ အော့ပ်ရှင် (option) ပြုခြင်းဖြင့်ဖြစ်စေ၊ ပိုင်ဆိုင်ပစ္စည်းများကို လွှဲပြောင်းခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်းများ ပါဝင်နိုင်သည်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အမြတ်ဝေစုအား သတ်မှတ်ခြင်းကို ကုမ္ပဏီမှ ပေးချေရမည့် ကြွေးမြီအဖြစ် မမှတ်ယူရ။ အဆိုပါသတ်မှတ်ချက်ကို အမြတ်ဝေစုပေးချေခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ကြွေးမြီတင်ရှိခြင်းသည် ငွေပေးချေရန် သတ်မှတ်ထားသည့်အချိန်မှသာ ကျရောက်သည်။

**၁၀၇။ အမြတ်ဝေစုများအတွက် လိုအပ်သည့်အချက်များ**

(က) အောက်ပါအချက်များနှင့် မကိုက်ညီလျှင် ကုမ္ပဏီသည် အမြတ်ဝေစုခွဲဝေပေးခြင်းကို ဆောင်ရွက်နိုင်ခြင်း မရှိစေရ -

(၁) ကုမ္ပဏီသည် အမြတ်ဝေစုခွဲဝေပေးပြီးနောက် ချက်ချင်း ကြွေးမြီစစ်ဆေးချက်ကို ကျေနပ်လက်ခံခြင်း၊

(၂) အမြတ်ဝေစုခွဲဝေခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံးအတွက် မျှတလျော်ကန်မှုရှိခြင်းနှင့်

(၃) အမြတ်ဝေစုပေးချေခြင်းသည် ကုမ္ပဏီက ယင်း၏မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစု ထိခိုက်မှုမရှိခြင်း။

(ခ) အမြတ်ဝေစုအား ခွဲဝေဆုံးဖြတ်ပြီးနောက် ယင်းအတွက် ငွေပေးချေရခြင်းမပြုသေးမီ ကာလအတွင်း ဒါရိုက်တာအဖွဲ့သည် ဤပုဒ်မ၏ ပုဒ်မခွဲ (က) ပါ လိုအပ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိလျှင် အမြတ်ဝေစုအား ပေးချေခြင်းမပြုဘဲထားရှိနိုင်သည်။ ကုမ္ပဏီက အဆိုပါအမြတ်ဝေစုအား ပေးချေခဲ့ပြီး ဖြစ်ပါကလည်း ထိုသို့ ပေးချေခြင်းသည် တရားဝင်ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရ။

**၁၀၈။ ပုဒ်မ ၁၀၇ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်ခြင်း**

(က) ကုမ္ပဏီသည် ပုဒ်မ ၁၀၇ ပါ သတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်ပါက ပြစ်ဒဏ်ပမာဏ (၁၀) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာနှင့် အခြားအရာရှိတစ်ဦးဦးစီသည် အလားတူ ပြစ်ဒဏ် အတွက် တာဝန်ရှိစေရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပြင် ကုမ္ပဏီသည် အမြတ်ဝေစုပေးချေပြီးနောက် ယင်းနှင့် စပ်လျဉ်း၍ လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၀၇ ပါ ပြဋ္ဌာန်းချက်များကိုဖောက်ဖျက်၍ အမြတ်ဝေစုပေးချေခြင်းကို သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးသည်လည်း ကုမ္ပဏီက ပြန်လည်ရရှိနိုင်သော ပိုင်ဆိုင်ပစ္စည်းများထက် ကျော်လွန်သည့် မြီရှင်များသို့ ပေးရမည့် ကြွေးမြီများရှိခဲ့လျှင် အမြတ်ဝေစုပမာဏနှင့်အညီ ကုမ္ပဏီ၏မြီရှင်များအပေါ် တာဝန်ရှိစေရမည် ဖြစ်သည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စား တရားစွဲဆိုသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကသော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါ ဒါရိုက်တာများထံမှ တောင်းခံရယူ နိုင်သည်။

၁၀၉။ **အမြတ်ဝေစုများခွဲဝေပေးချေခြင်းအား ထိခိုက်စေမည့် အခြားကိစ္စရပ်များ**

(က) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြတ်ဝေစုအား ခွဲဝေသတ်မှတ်ခြင်း မပြုရ -

(၁) အစုရှယ်ယာအမျိုးအစား တစ်ရပ်ရပ်တည်းတွင် အစုရှယ်ယာအချို့နှင့်သာသက်ဆိုင်ပြီး အစုရှယ်ယာအားလုံးနှင့် သက်ဆိုင်ခြင်းမရှိလျှင် သို့မဟုတ်

(၂) အစုရှယ်ယာအမျိုးအစားတစ်ရပ်တည်းတွင် အစုရှယ်ယာအချို့မှ အခြားအစုရှယ်ယာများထက် အမြတ်ဝေစုပမာဏ ပိုမိုရရှိခြင်း၊

တစ်စိတ်တစ်ဒေသ ငွေပေးချေရန်လိုအပ်သည့် အစုရှယ်ယာများနှင့်သက်ဆိုင်လျှင် အဆိုပါ အစုရှယ်ယာအတွက် ခွဲဝေပေးမည့် အမြတ်ဝေစုပမာဏသည် ထိုသို့ ပေးချေထားသည့် ငွေပမာဏ အချိုးအစားအတိုင်း အမြတ်ဝေစုများအား ခွဲဝေသတ်မှတ်ရမည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါအချက်များနှင့် ညီညွတ်လျှင် ကုမ္ပဏီသည် အဆိုပြုအမြတ်ဝေစုအစား ယင်းအမြတ်ဝေစု၏ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစုရှယ်ယာများအဖြစ်လက်ခံရန် သဘောတူညီသည့် အစုရှယ်ယာရှင်များကို အစုရှယ်ယာများအား ထုတ်ပေးနိုင်သည်-

(၁) အဆိုပြုထားသော အမြတ်ဝေစုအစား အားလုံးအတွက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသအတွက်ဖြစ်စေ တူညီသည့်စည်းကမ်းချက်များဖြင့် တူညီသည့် အစုရှယ်ယာအမျိုးအစားကို ပိုင်ဆိုင်သူသို့ ကမ်းလှမ်းရမည်၊

(၂) သဘောတူညီထားသည့် အစုရှယ်ယာရှင်များ၏ လက်ခံသောအစုရှယ်ယာများနှင့် ဆက်စပ်သည့် ဆန္ဒမဲပေးခွင့်နှင့် ခွဲဝေဆောင်ရွက်နိုင်ခွင့်ထားရှိရမည်၊

(၃) အဆိုပါကမ်းလှမ်းမှုကို လက်ခံနိုင်ရန်အတွက် အနည်းဆုံး (၂၁) ရက် ကာလထားရှိရမည်၊

(၄) အစုရှယ်ယာများကို လက်ခံရန်သဘောတူသည့် အမျိုးအစားတူ အစုရှယ်ယာရှင်တစ်ဦးစီသို့ ထုတ်ဝေသည့် အစုရှယ်ယာများမှာ တူညီသောအခွင့်အရေးများ၊ တူညီသော စည်းကမ်းချက်များဖြင့် ထုတ်ဝေခြင်းဖြစ်ရမည်၊ ၎င်းပြင်

(၅) ပုဒ်မ ၆၃ နှင့် ပုဒ်မ ၇၁ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ယင်းတို့နှင့်သက်ဆိုင်သမျှ လိုက်နာရမည်။

၁၁၀။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၀၉ ပါ သတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ပြစ်ဒဏ်ပမာဏ (၂၀) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးသည် အလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

၁၁၁။ **အကျိုးအမြတ်များကို မတည်ရင်းနှီးမြှုပ်နှံခြင်း**

ပုဒ်မ ၁၀၉ ပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ခြင်းမရှိစေဘဲ ကုမ္ပဏီတစ်ခုသည် ယင်း၏အကျိုးအမြတ်များကို ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်သည်။ ထိုသို့ ရင်းနှီးမြှုပ်နှံခြင်းသည် အစုရှယ်ယာများ ထုတ်ဝေရန် မလိုပါ။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လာသော **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း**ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေ (မူကြမ်း)
## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အလုပ်သမား**ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သော လုပ်ငန်းနှင့် ယင်းလုပ်ငန်း၏လုပ်ငန်းခွင်တစ်ခုခုတွင် ကာယအား၊ ဉာဏအားကို အသုံးပြုပြီး လုပ်ကိုင်၍ရရှိသောလုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုသူကို ဆိုသည်။

(ခ) **အလုပ်ရှင်**ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သော လုပ်ငန်းနှင့် ယင်းလုပ်ငန်း၏လုပ်ငန်းခွင်တစ်ခုခုတွင် အလုပ်လုပ်ကိုင်သည့် အလုပ်သမားအား လုပ်ခပေးရန်လည်းကောင်း၊ ဤဥပဒေအရ အလုပ်သမားများအတွက် ခွင့်ပြုထားသော ခံစားခွင့်နှင့် အလုပ်ရှင်အတွက် သတ်မှတ်ထားသော တာဝန်များကို ဆောင်ရွက်ပေးရန်လည်းကောင်း တာဝန်ရှိသူ သို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်

ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ၊ အလုပ်ရှင် သေဆုံးပါက ယင်း၏ အမွေဆက်ခံသူ၊ အစုရှယ်ယာ တရားဝင်လက်ခံရရှိသူ၊ ပင်မကန်ထရိုက်တာနှင့် တစ်ဆင့်ခံ ကန်ထရိုက်တာတို့ ပါဝင်သည်။

(ဂ) **လုပ်ငန်းခွင်**ဆိုသည်မှာ အခန်း (၃) ပါ လုပ်ငန်းတစ်ခုခု၏ မည်သည့်လုပ်ငန်းစဉ်ကိုမဆို လုပ်ကိုင်ဆောင်ရွက်သည့် နေရာ၊ အဆောက်အအုံနှင့် အောက်ပါနေရာများ ပါဝင်သည် -

(၁) မြေ၊ အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုခု၊

(၂) မော်တော်ယာဉ်၊ ရထား၊ ရေယာဉ် သို့မဟုတ် လေယာဉ်တစ်စီးစီး၊

(၃) ကုန်းတွင်းတွင်ဖြစ်စေ၊ ကမ်းလွန် ရေပေါ်ရေအောက်တွင်ဖြစ်စေ ယာယီ သို့မဟုတ် ပုံသေတပ်ဆင်တည်ဆောက်မှုတစ်ခုခု၊

(၄) စခန်း သို့မဟုတ် ရွှေ့ပြောင်းနိုင်သော တည်ဆောက်ထားမှုတစ်ခုခု။

(ဃ) **လုပ်ငန်းခွင်မတော်တဆထိခိုက်မှု**ဆိုသည်မှာ လုပ်ငန်းကြောင့်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်နေစဉ် ပေါ်ပေါက်သည့် မတော်တဆမှုကြောင့်လည်းကောင်း သေဆုံးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိစေမှုကို ဆိုသည်။

(င) **အမျိုးသားကောင်စီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကောင်စီကို ဆိုသည်။

(စ) **လုပ်ငန်းခွင်ဆိုင်ရာရောဂါ**ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အန္တရာယ်ရှိသည့် အခြေအနေများနှင့်ထိတွေ့ခြင်းကြောင့်စွဲကပ်သည့် ရောဂါအဖြစ် အမျိုးသားကောင်စီက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် ရောဂါတစ်မျိုးမျိုးကို ဆိုသည်။

(ဆ) **အန္တရာယ်ရှိသောဖြစ်ရပ်**ဆိုသည်မှာ လုပ်ငန်းခွင်အတွင်းရှိနေသူများကိုဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ ရောဂါရရှိစေခြင်းသော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာရရှိစေခြင်းသော်လည်းကောင်း ဖြစ်တန်ရာရှိသည်ဟု အမျိုးသားကောင်စီက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် ဖြစ်ရပ်တစ်မျိုးမျိုးကို ဆိုသည်။

(ဇ) **ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းနှင့်စက်ပစ္စည်းကိရိယာ**ဆိုသည်မှာ ဤဥပဒေအရ အမျိုးသားကောင်စီက ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းနှင့်စက်ကိရိယာအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်ပစ္စည်းနှင့် စက်ကိရိယာတစ်မျိုးမျိုးကို ဆိုသည်။

(ဈ) **အန္တရာယ်ရှိသောလုပ်ငန်း**ဆိုသည်မှာ ဤဥပဒေအရ အမျိုးသားကောင်စီက အန္တရာယ်ရှိသော လုပ်ငန်းအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်လုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။

(ည) **ကြီးမားပြင်းထန်သော လုပ်ငန်းခွင် မတော်တဆထိခိုက်မှု**ဆိုသည်မှာ အန္တရာယ်ရှိသော လုပ်ငန်းစဉ်ကြောင့်ဖြစ်စေ၊ အန္တရာယ်ရှိသော လုပ်ငန်းစဉ်သုံးအရာဝတ္ထုများကြောင့်ဖြစ်စေ လုပ်ငန်းခွင်အတွင်းရှိနေသူများ၊ ပတ်ဝန်းကျင်နှင့် အများပြည်သူတို့ကို ချက်ချင်း သို့မဟုတ် အချိန်ကာလတစ်ခုအတွင်း ဆိုးရွားပြင်းထန်သော အန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် ပေါက်ကွဲမှု၊ လွင့်စဉ်မှု၊ ယိုစိမ့်မှု၊ မီးလောင်မှု စသည့်ဖြစ်ရပ်တစ်ခုခုကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဦးစီးဌာန**ဆိုသည်မှာအလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(ဍ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဎ) **စစ်ဆေးရေးအရာရှိချုပ်**ဆိုသည်မှာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဏ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ အလုပ်ရုံစစ်ဆေးရေးအရာရှိကို ဆိုသည်။

(တ) **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိ**ဆိုသည်မှာ လုပ်ငန်းခွင်အလိုက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိကို ဆိုသည်။

(ထ) **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ**ဆိုသည်မှာ လုပ်ငန်းခွင်အလိုက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ဤဥပဒေအရ ဖွဲ့စည်းသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီအသီးသီးကို ဆိုသည်။

(ဒ) **အသိအမှတ်ပြုဆရာဝန်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆေးကောင်စီ သို့မဟုတ် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီကထုတ်ပေးသော မှတ်ပုံတင်လက်မှတ် သို့မဟုတ် ဆေးကုသခွင့်လိုင်စင်ရရှိပြီး ဝန်ကြီးဌာနမှ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူအဖြစ် အသိအမှတ်ပြုထားသော ဆရာဝန် သို့မဟုတ် သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်ကို ဆိုသည်။

(ဓ) **စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ**ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းနှင့် ယင်းလုပ်ငန်း၏ လုပ်ငန်းခွင်များကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်း၊ စက်ကိရိယာများနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို အခဖြင့်ဖြစ်စေ၊ အခမဲ့ဖြစ်စေ အန္တရာယ်ကင်းရှင်းကြောင်း စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူအဖြစ် ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြုထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(န) **ကြိုတင်ခွင့်ပြုချက်**ဆိုသည်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် လုပ်ငန်းဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ကြိုတင်ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ပ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်အတွက် ထုတ်ပေးသောလိုင်စင်ကို ဆိုသည်။

(ဖ) **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်တစ်ခုခုဆောင်ရွက်ရန်အလို့ငှာ သတ်မှတ် အရည်အချင်းများနှင့် ကိုက်ညီသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသည့်လက်မှတ်ကို ဆိုသည်။

(ဗ) **သင်တန်းပေးသူ**ဆိုသည်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမပါဘဲဖြစ်စေ သင်တန်းပို့ချရန် ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဘ) **လုပ်ငန်းစဉ်**ဆိုသည်မှာ ဤဥပဒေနှင့်အကျုံးဝင်သော လုပ်ငန်းခွင်တစ်ခုခု၌ လုပ်ကိုင်သည့် မည်သည့်လုပ်ငန်းစဉ်ကိုမဆို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေပါ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လုပ်ငန်းကဏ္ဍအသီးသီး၌ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

(ခ) လုပ်ငန်းခွင်မတော်တဆထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရမှုများ လျော့နည်းပပျောက်စေရန် အလုပ်ရှင်နှင့် အလုပ်သမားအပါအဝင် ဤဥပဒေပါ သက်ဆိုင်သူများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရန်၊

(ဂ) စီးပွားရေးဖွံ့ဖြိုးမှုကြောင့် ပေါ်ပေါက်လာနိုင်သည့် လုပ်ငန်းခွင်အန္တရာယ်များ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများအပေါ် အလုပ်ရှင်၊ အလုပ်သမားများနှင့် ဤဥပဒေပါ သက်ဆိုင်သူများက ကြိုတင်တားဆီးကာကွယ်မှု ပြုနိုင်ရန်၊

(ဃ) လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ မဖြစ်ပွားစေရန် ကာကွယ်တားဆီးခြင်းဖြင့် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာစွာ လုပ်ကိုင်နိုင်စေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်လာစေရန်၊

(င) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများအား နိုင်ငံတကာနှင့် ဒေသဆိုင်ရာ စံနှုန်းများနှင့်အညီ မိမိနိုင်ငံအခြေအနေနှင့် သင့်လျော်သော စံချိန်စံညွှန်းသတ်မှတ်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သောလုပ်ငန်းခွင် ဖန်တီးပေးရန်။

## အခန်း (၃)
## အကျုံးဝင်သက်ဆိုင်သည့်လုပ်ငန်းများ သတ်မှတ်ခြင်းနှင့်ပယ်ဖျက်ခြင်း

၄။ ဤဥပဒေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အစိုးရဌာန၊ အဖွဲ့အစည်း၊ သမဝါယမ၊ ပုဂ္ဂလိက၊ ဖက်စပ်လုပ်ငန်းများရှိ နိုင်ငံသား၊ နိုင်ငံခြားသားပိုင် အောက်ဖော်ပြပါ လုပ်ငန်းများ၊ ယင်းလုပ်ငန်းများ၏ လုပ်ငန်းခွဲများ၊ လုပ်ငန်းခွင်များအားလုံးနှင့် သက်ဆိုင်စေရမည် -

(က) စက်ရုံ၊ အလုပ်ရုံများနှင့် သိုလှောင်ရုံများ၊

(ခ) ဆောက်လုပ်ရေးလုပ်ငန်းများ၊

(ဂ) အင်ဂျင်နီယာလုပ်ငန်းများ၊

(ဃ) သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ထပ်ဆင့်ပြုပြင်ခြင်းလုပ်ငန်း၊ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရေးနှင့် ထပ်ဆင့်ပြုပြင်ခြင်းလုပ်ငန်းများ၊

(င) ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ၊

(စ) ဓာတုဗေဒလုပ်ငန်းများ၊

(ဆ) ဆိပ်ကမ်းလုပ်ငန်း၊ ပုံမှန်လုပ်ကိုင်သည့် ကုန်တင်ကုန်ချ လုပ်ငန်းများ၊

(ဇ) စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ၊

(ဈ) ပညာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊

(ည) ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊

(ဋ) ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေနှင့်သက်ဆိုင်သည့်လုပ်ငန်းများအဖြစ် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်လုပ်ငန်းနှင့် ယင်းလုပ်ငန်း၏ လုပ်ငန်းခွင်များ။

၅။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၄ ပါ လုပ်ငန်းနှင့် လုပ်ငန်းခွင်အလိုက် အသေးစိတ်စာရင်းကို လိုအပ်ပါက အမိန့်ကြော်ငြာစာ ထုတ်ပြန် ကြေညာနိုင်သည်။

(ခ) ပုဒ်မ ၄ ပါ လုပ်ငန်းနှင့် လုပ်ငန်းခွင်ကို ပြောင်းလဲလာသော အခြေအနေများနှင့်အညီ သက်ဆိုင်ရာ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပြီး ပြင်ဆင် သတ်မှတ်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ပြုနိုင်သည်။

## အခန်း (၄)
## အမျိုးသားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကောင်စီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) နိုင်ငံတော်ဒုတိယသမ္မတက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်အဖြစ် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ကိုယ်စားလှယ်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည့် အမျိုးသားကောင်စီကို ဖွဲ့စည်းရမည်။

(ခ) အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော အမျိုးသားကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ အမျိုးသားကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ ကာလအပိုင်းအခြားအလိုက် အကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်း၊

(ခ) လုပ်ငန်းခွင်အခြေနေ တိုးတက်ကောင်းမွန်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး တို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဂ) လိုအပ်သော လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းလုပ်ငန်းကော်မတီများ၏ လုပ်ငန်း တာဝန်များ သတ်မှတ်ခြင်း၊

(ဃ) လုပ်ငန်းခွင်ဆိုင်ရာ ကျင့်ထုံးများသတ်မှတ်ရန်နှင့် ကျင့်ထုံးများကို ထုတ်ပြန်ကြေညာရန် အတည်ပြု ပေးခြင်း၊

(င) ကျန်းမာရေးအန္တရာယ် ထိခိုက်စေနိုင်သော လုပ်ငန်းစဉ်နှင့် ဇီဝပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့် ဓာတ်ရောင်ခြည်သင့်စေနိုင်သောပစ္စည်းများ စသည့်ပစ္စည်းများအသုံးပြုမှုကို ကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ပိတ်ပင်ခြင်း၊

(စ) အန္တရာယ်ရှိသောဖြစ်ရပ်များနှင့် ယင်းဖြစ်ရပ်များမဖြစ်ပွားစေရန် ကာကွယ်ဆောင်ရွက်ထားမှုများကို အခါအားလျော်စွာ အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာခြင်း၊

(ဆ) အဆင့်မြင့်နည်းပညာ၊ ဆေးဘက်ဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းပညာအပါအဝင် ပညာရေး နှင့်လေ့ကျင့်သင်ကြားရေး ကဏ္ဍအသီးသီးတွင် လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင် ဘေးအန္တရာယ် ကင်းရှင်းရေးသင်ခန်းစာများ ပို့ချနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဇ) အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအရေးအတွက် တူညီစွာပါဝင်သည့် နည်းပညာရပ်လုပ်ငန်းအဖွဲ့ များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊

(ဈ) ပုဒ်မ ၄၆ နှင့် ပုဒ်မ ၄၇ တို့အရ တင်သွင်းသည့် အယူခံမှုများအား ကြားနာစစ်ဆေးရန် အယူခံကော်မတီအား ဖွဲ့စည်းခြင်း၊

(ည) မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြခြင်း။

## အခန်း (၅)
## ကြိုတင်ခွင့်ပြုချက်နှင့်လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း

၈။ (က) ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို စတင်တည်ထောင်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်လိုသူသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအလို့ငှာ ကြိုတင်ခွင့်ပြုချက်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းများရှိ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြိုဖျက်ခြင်း၊ လုပ်ငန်းစဉ်အလိုက် စက်ကိရိယာပစ္စည်းများ နေရာချထားခြင်း၊ တပ်ဆင်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းများ ဆောင်ရွက်လိုသူသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအလို့ငှာ ကြိုတင်ခွင့်ပြုချက်ရရှိရန် တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးဌာနရုံးများမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များ နှင့်အညီ လျှောက်ထားရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က) နှင့် (ခ) အရ လျှောက်ထားချက်ကိုစိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ငြင်းပယ်ခြင်း ပြုနိုင်သည်။ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးပါက စည်းကမ်းချက်များသတ်မှတ်၍ ဝန်ကြီးဌာနက သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းစေပြီး လျှောက်ထားသူအား ကြိုတင်ခွင့်ပြုချက် လက်မှတ် ထုတ်ပေးရမည်။

၉။ (က) ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို စတင်လည်ပတ်လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကိုစိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ငြင်းပယ်ခြင်း ပြုနိုင်သည်။ လုပ်ငန်းလိုင်စင်ထုတ်ပေးပါက လုပ်ငန်းလိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ခပေးသွင်းစေပြီး လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်များနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ထားရမည်။

၁၀။ (က) ပုဒ်မ ၉ အရ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်၍ လုပ်ကိုင်လိုသည့်အခါ လုပ်ငန်းလိုင်စင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကိုစိစစ်ပြီး လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးပါက လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခပေးသွင်းစေပြီး လျှောက်ထားသူအား လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရမည်။

## အခန်း (၆)

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများ ဖွဲ့စည်းခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိများ ခန့်အပ်တာဝန်ပေးခြင်း

၁၁။ အလုပ်ရှင်သည် -

(က) သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားနှင့်ကိုက်ညီ၍ ကျင့်သုံးနိုင်မည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံခန့်ခွဲမှုစနစ်ကို လုပ်ငန်းမစတင်မီ အနည်းဆုံး ၃၀ ရက် ကြိုတင်ပြုစု၍ ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်စေရန် ဝန်ကြီးဌာနက သတ်မှတ်သော အလုပ်သမားဦးရေထက်မနည်းရှိသည့် လုပ်ငန်းများတွင် လုပ်ငန်းအမျိုးအစားအလိုက် အရေအတွက်တူညီသော အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ ပါဝင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီအသီးသီးကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဖွဲ့စည်းထားသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ၏ ဖွဲ့စည်းပုံ၊ အဖွဲ့ဝင်၏ အရည်အချင်းများနှင့် ရွေးချယ်မှု၊ ခန့်ထားမှု၊ လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက သတ်မှတ်ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

၁၂။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးထိခိုက်စေနိုင်မည့် အခြေအနေများကို ပုံမှန်စစ်ဆေး၍ ပြန်လည်သုံးသပ်ချက်များကို သက်ဆိုင်ရာ ကော်မတီအစည်းအဝေး၌ တင်ပြခြင်း၊

(ခ) လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်မှုအစီအမံများ ချမှတ်ဆောင်ရွက်ရန် အလုပ်ရှင်အား အကြံပြုခြင်း၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအခြေအနေများ တိုးတက်ကောင်းမွန်စေရန် သင်တန်းပို့ချရေးနှင့် အထောက်အပံ့ပစ္စည်းများရရှိစေရေး အလုပ်ရှင်နှင့် အလုပ်သမားအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊

(ဃ) သက်ဆိုင်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုအား ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) ကော်မတီအနေဖြင့် ဆောင်ရွက်နိုင်စွမ်းမရှိသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြခြင်း၊

(စ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ပေးအပ်သော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၁၃။ အလုပ်ရှင်သည် ဝန်ကြီးဌာနက သတ်မှတ်သော အလုပ်သမားဦးရေထက်မနည်း လုပ်ကိုင်သော လုပ်ငန်းခွင်အလိုက် အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးကောင်းမွန်စေရန် အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနက သတ်မှတ်သည့် အရည်အချင်းနှင့်ပြည့်စုံသူကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိအဖြစ် ခန့်ထားရမည်။

၁၄။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိများသည် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်ဖြစ်စေရန် အနီးကပ်ကြီးကြပ်၍ သက်ဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အခြားလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်။

## အခန်း (၇)

## စစ်ဆေးရေးအရာရှိများ ခန့်ထားခြင်း၊ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိ၏ အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များ

၁၅။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများကို လိုအပ်သလို ခန့်အပ်နိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိချုပ်သည် လုပ်ငန်းခွင်အလိုက် စစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ပြုလုပ်ရန် စစ်ဆေးရေးအရာရှိများအား လိုအပ်သလို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၇။ စစ်ဆေးရေးအရာရှိများသည် -

(က) စစ်ဆေးရန် လွှဲအပ်တာဝန်ပေးသည့်အတိုင်း ကျေပွန်စွာ ဆောင်ရွက်ရမည်။

(ခ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရေးအရာရှိချုပ်ထံ တင်ပြရမည်။

၁၈။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၊ အလုပ်ဌာနတစ်ခုခုတွင်ဖြစ်စေ၊ ယင်းစက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၊ အလုပ်ဌာနတစ်ခုခုနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၁၉။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည် -

(က) ဤဥပဒေနှင့်သက်ဆိုင်သည့် မည်သည့်လုပ်ငန်းခွင်ကိုမဆို စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကိုပြသပြီး ဝရမ်းမပါဘဲ အချိန်မရွေး ဝင်ရောက်ခွင့်၊ စစ်ဆေးခွင့်နှင့် စုံစမ်းမေးမြန်းခွင့်၊

(ခ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းခွင်ရှိ စက်ပစ္စည်း၊ ကိရိယာတန်ဆာပလာများ၊ ကုန်ကြမ်းကုန်ချောပစ္စည်းများ၊ ဇီဝပစ္စည်းနှင့် ဓာတုပစ္စည်းများ စသည်တို့အား စစ်ဆေးခွင့်၊ စုံစမ်းမေးမြန်းခွင့်၊ အမျိုးသားကောင်စီက အသုံးမပြုရန် ကန့်သတ်ထားသည့် ပစ္စည်းနှင့်တားမြစ်ပိတ်ပင်ထားသည့်ပစ္စည်းများအား သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်နှင့် အရေးယူခွင့်၊

(ဂ) လုပ်ငန်းခွင်နှင့် လုပ်ငန်းစဉ်ဆိုင်ရာမှတ်တမ်းများနှင့် စာရွက်စာတမ်းအထောက်အထားများကို စစ်ဆေးကြည့်ရှုခွင့်၊ စုံစမ်းမေးမြန်းခွင့်၊ ရယူခွင့်နှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်၊

(ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းခွင်အခြေအနေနှင့် လုပ်ငန်းစဉ်များ၏ မှတ်တမ်းနှင့်စပ်လျဉ်း၍ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများ ရယူခွင့်၊

(င) လုပ်ငန်းခွင်ဆိုင်ရာရောဂါများ၊ အန္တရာယ်ရှိသည့် ဖြစ်ရပ်များ၊ မတော်တဆထိခိုက်မှုများအား စုံစမ်းစစ်ဆေးရာတွင် သက်ဆိုင်သည့် ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများ ရယူခွင့်၊

(စ) မည်သည့်လုပ်ငန်းခွင်၌မဆို ဆူညံသံ၊ အလင်းရောင်၊ အပူ၊ အအေး၊ အမှုန်အမွှား၊ အခိုးအငွေ့၊ အပါအဝင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ဓာတ်ရောင်ခြည်သင့်မှု သို့မဟုတ် အန္တရာယ်ရှိသော အရာဝတ္ထုနှင့် ဒြပ်ဝတ္ထုပစ္စည်းများ၏ အန္တရာယ်ပေးနိုင်မှု အတိုင်းအဆ၊ ယင်းလုပ်ငန်းခွင်ရှိ လူများနှင့် ထိတွေ့မှုပမာဏနှင့် အချိန်အား အကဲဖြတ်တိုင်းတာခွင့်နှင့် မှတ်တမ်းများရယူခွင့်၊

(ဆ) အလုပ်ကို အကြောင်းပြုပြီး ကျန်းမာရေးထိခိုက်မှုနှင့် စပ်လျဉ်း၍ အသိအမှတ်ပြုဆရာဝန်၏ အကူအညီဖြင့် လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသည့် မည်သူ့ကိုမဆို အလုပ်ချိန်အတွင်း စုံစမ်းမေးမြန်းခွင့်၊

(ဇ) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုကြောင့်ဖြစ်စေ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများရရှိမှုကြောင့် ဖြစ်စေ ဆေးကုသမှုခံယူနေသော လူနာနှင့်ပတ်သက်သည့် ဆေးကုသမှုဆိုင်ရာ အချက်အလက်များ သို့မဟုတ် သေဆုံးမှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ရင်ခွဲစမ်းသပ်စစ်ဆေးချက် အစီရင်ခံစာများကို သတ်မှတ်လုံခြုံမှု အဆင့်အတန်းဖြင့်ပေးပို့ရန် ဆေးရုံ၊ ဆေးခန်းများမှ တာဝန်ရှိသူထံ တောင်းဆိုခွင့်။

၂၀။ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လုပ်ငန်းခွင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ယာယီရပ်နားထားရန် အမိန့် ထုတ်ဆင့်နိုင်သည် -

(က) လုပ်ငန်းခွင်၊ စက်အစိတ်အပိုင်း သို့မဟုတ် စက်ကိရိယာနေရာချထားပုံနှင့် အလုပ်လုပ်ဆောင်ပုံကြောင့် လုပ်ငန်းခွင်မတော်တဆထိခိုက်မှုဖြစ်ခြင်း၊ သေဆုံးခြင်း၊ အန္တရာယ်ရှိသော ဖြစ်ရပ်များ ဖြစ်ပွားခြင်းကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် မသင့်ခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း သို့မဟုတ် မလိုက်နာခြင်းတို့ကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် မသင့်ခြင်း၊

(ဂ) သူတစ်ဦးဦး၏ လုပ်ဆောင်ချက်ကြောင့်ဖြစ်စေ၊ လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့်ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ဂရုမစိုက်မှုကြောင့်ဖြစ်စေ လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေသူတို့အား အန္တရာယ်ဖြစ်စေနိုင်သည်ဟု ယူဆခြင်း၊

(ဃ) လုပ်ငန်းခွင်မတော်တဆထိခိုက်မှုအန္တရာယ် ဖြစ်ပွားမည့်ဆဲဆဲအခြေအနေကြောင့် အလုပ်သမားများအား ဘေးအန္တရာယ်မှ လွတ်ကင်းရေးအတွက် ဖယ်ရှားရန် လိုအပ်ခြင်း။

၂၁။ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများသည် -

(က) သက်ဆိုင်ရာ အလုပ်ရှင်အနေဖြင့် ယာယီရပ်နားထားရန် ထုတ်ဆင့်ထားသော အမိန့်အတိုင်း လိုက်နာဆောင်ရွက်ပြီးစီးကြောင်း စစ်ဆေးတွေ့ရှိလျှင် ရပ်နားထားသည့် လုပ်ငန်းခွင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပြန်လည်ဆောင်ရွက်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြန်လည်ဆောင်ရွက်ခွင့်ပြုကြောင်းကို သက်ဆိုင်ရာဦးစီးဌာနများနှင့် အလုပ်ရှင်ထံသို့ အကြောင်းကြားရမည်။

၂၂။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) ပုဒ်မ ၂၀ အရ ထုတ်ဆင့်သည့်အမိန့်ကို လိုက်နာရန်ပျက်ကွက်သူအား လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် လိုအပ်ပါက ထိုသို့အရေးယူဆောင်ရွက်စေရန် သင့်လျော်သည့် စစ်ဆေးရေးအရာရှိကို လွှဲအပ်တာဝန်ပေးခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၀ အရ လုပ်ငန်းခွင်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ယာယီရပ်နားထားရန် ထုတ်ဆင့်ထားသည့်အမိန့်နှင့် စပ်လျဉ်း၍ ပြောင်းလဲလာသည့် အခြေအနေအရ ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည့် လုပ်ငန်းများကို လိုအပ်သည့်စည်းကမ်းချက်များ သတ်မှတ်ပြီး လုပ်ကိုင်ခွင့် ပြုနိုင်သည်။

၂၃။ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများသည် -

(က) လုပ်ငန်းခွင်၊ စက်ရုံ၊ အလုပ်ရုံ၊ အရာဝတ္ထုပစ္စည်း သို့မဟုတ် လုပ်ငန်းစဉ်တစ်ရပ်ရပ်ကြောင့် အလုပ်သမားများ၏ ကိုယ်ခန္ဓာထိခိုက်ခြင်းသော်လည်းကောင်း၊ ကျန်းမာရေးအန္တရာယ်ရှိခြင်းသော်လည်းကောင်း၊ ပစ္စည်းတစ်စုံတစ်ရာကို ထိခိုက်ပျက်စီးစေခြင်းသော်လည်းကောင်း ဖြစ်စေနိုင်သည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် သတ်မှတ်သည့်အချိန်ကာလအတွင်း ပြုပြင်ဆောင်ရွက်ရန် အလုပ်ရှင်အား စာဖြင့်ညွှန်ကြားနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် သက်ဆိုင်ရာ အလုပ်ရှင်၏ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်းမပြုရန် တားမြစ်နိုင်သည်။

၂၄။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိတို့သည် ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် ညွှန်ကြားချက်ကို သတ်မှတ်ကာလအတွင်း အလုပ်ရှင်က လိုက်နာဆောင်ရွက်ပြီးစီးကြောင်း မှတ်တမ်းအထောက်အထားပြည့်စုံစွာဖြင့် ပြန်လည်တင်ပြစေရမည်။

၂၅။ စစ်ဆေးရေးအရာရှိချုပ်သည် ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့် ယင်းပစ္စည်းများကို အသုံးပြုသည့် လုပ်ငန်းခွင်များကို စာရင်းဇယားသီးခြားပြုစုရန် လိုအပ်ပါက အထူးစစ်ဆေးမှုများဆောင်ရွက်ရန်နှင့် ယင်းပစ္စည်းများကို အသုံးပြုခြင်းအားတားမြစ်ရန် စစ်ဆေးရေးအရာရှိများကို သီးခြားတာဝန်ပေးအပ်ရမည်။

၂၆။ စစ်ဆေးရေးအရာရှိသည် အလုပ်ရှင်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိတို့ကို ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့် ယင်းပစ္စည်းများအား အသုံးပြုသည့် လုပ်ငန်းခွင်များ၌ ဘေးအန္တရာယ်ကျရောက်နိုင်မှု၊ ဘေးအန္တရာယ်မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ ဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရမည့် အစီအမံနှင့် နည်းလမ်းများ၊ ရှေးဦးသူနာပြုစုခြင်းများကို အလုပ်သမားများအား လေ့ကျင့်သင်ကြားပေးရန် ညွှန်ကြားရမည်။

၂၇။ စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ ပြစ်မှုကျူးလွန်သူ မည်သူကိုမဆို သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

## အခန်း (၈)
## အလုပ်ရှင်နှင့်အလုပ်သမားတို့၏ တာဝန်များ

၂၈။ အလုပ်ရှင်သည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးနှင့် စပ်လျဉ်း၍ -

(က) လုပ်ငန်းစတင်လုပ်ကိုင်မည်ဖြစ်ကြောင်း သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ အနည်းဆုံး ၁၅ ရက် ကြိုတင်အကြောင်းကြား၍ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူရမည်။

( ခ ) လုပ်ငန်းခွင်တွင် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများ၊ လုပ်ငန်းစဉ်သုံးပစ္စည်းများ၊ ဇီဝပစ္စည်းများ၊ ဓာတုပစ္စည်းများ၏ အန္တရာယ်ရှိမှုအတိုင်းအဆ အကဲဖြတ်ဆန်းစစ်ခြင်း၊ ယင်းပစ္စည်းကိရိယာများအား ကိုင်တွယ်အသုံးပြုစဉ် ကျန်းမာရေးမထိခိုက်စေရန် လိုအပ်သောကာကွယ်မှုများ စီမံဆောင်ရွက်ပေးခြင်းကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ထားရမည်။

( ဂ ) အလုပ်သမားများအား လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် ကျန်းမာရေးထိခိုက်မှုများ မခံစားရစေရန် သင့်လျော်သော ကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ၊ ဝတ်စုံများ အခမဲ့လုံလောက်စွာထုတ်ပေးပြီး ဝတ်ဆင်လုပ်ကိုင်စေရမည်။

(ဃ) ကြိုတင်တားဆီးကာကွယ်မှုအစီအမံနှင့် အရေးပေါ်အခြေအနေဖြစ်ပွားလာပါက ဆောင်ရွက်မည့် အစီအမံများ ထားရှိရမည်။

(င) ဝန်ကြီးဌာနကသတ်မှတ်သော အလုပ်သမားဦးရေနှင့်အထက်ရှိသည့် လုပ်ငန်းများတွင် ဆေးပေးခန်းထားရှိခြင်း၊ အသိအမှတ်ပြု ဆရာဝန်နှင့် သူနာပြုများ ခန့်ထားခြင်း၊ လိုအပ်သည့် ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးရမည်။

(စ) မိမိကိုယ်တိုင်အပါအဝင် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစား သို့မဟုတ် ဌာနအလိုက် စီမံခန့်ခွဲသူများ၊ အလုပ်သမားများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအား သတ်မှတ်ထားသည့် သင်တန်းများနှင့် မွမ်းမံသင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဆ) အလုပ်သမားတစ်ဦးဦးသည် လုပ်ငန်းခွင်မတော်တဆထိခိုက်မှု၊ အသက်ဘေးအန္တရာယ် သို့မဟုတ် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်မှုဖြစ်ပေါ်လျှင်ဖြစ်စေ၊ ယင်းသို့ ဖြစ်ပွားနိုင်ဖွယ်ရှိသည့် အခြေအနေများ ကြုံတွေ့ရလျှင်ဖြစ်စေ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အရာရှိမှတစ်ဆင့် အလုပ်ရှင်ထံ ချက်ချင်းသတင်းပေးပို့နိုင်ရန် လိုအပ်သောအစီအမံများ စီစဉ်ထားရှိရမည်။

(ဇ) ဆောင်ရွက်ထားမှုများကို အလုပ်ရှင်၏ကိုယ်စား စီမံအုပ်ချုပ်သူ၊ အလုပ်ရှင်၏ ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်နှင့် အလုပ်သမားများအားလုံး ပူးပေါင်းဆောင်ရွက်ရမည်။

(ဈ) လုပ်ငန်းခွင်တွင်ဖြစ်စေ၊ လုပ်ငန်းစဉ်တွင်ဖြစ်စေ အသုံးပြုသော စက်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊ အဆောက်အအုံ၊ သုံးစွဲသော အရာဝတ္ထုပစ္စည်း၊ ကိရိယာတန်ဆာပလာ သို့မဟုတ် စွန့်ပစ် ပစ္စည်း သယ်ယူပို့ဆောင်မှုနှင့်ဆက်စပ်၍ လုပ်ငန်းခွင်နှင့် အနီးပတ်ဝန်းကျင်၌ ရှိနေသူများ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးထိခိုက်မှုမရှိစေရန် စနစ်တကျ စီမံဆောင်ရွက်ထားရမည်။

(ည) လုပ်ငန်းခွင်မတော်တဆ ထိခိုက်မှုအန္တရာယ်ဖြစ်ပွားမည့်ဆဲဆဲ အခြေအနေကြုံတွေ့ရပါက လုပ်ငန်းစဉ်အား ချက်ချင်းရပ်တန့်ခြင်း၊ အလုပ်သမားများအား ဖယ်ရှားရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည့် ကယ်ဆယ်ရေးအစီအမံများ ဆောင်ရွက်ရမည်။ ထို့အပြင် အလုပ်သမားများအား အခြားသင့်လျော်မည့် လုပ်ငန်းခွင်များသို့ ပြောင်းရွှေ့လုပ်ကိုင်စေနိုင်သည်။

(ဋ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များ၊ အန္တရာယ် သတိပေးအချက်ပြများ၊ နို့တစ်စာများ၊ ပိုစတာများနှင့် လမ်းညွှန်ဆိုင်းဘုတ်များကို သတ်မှတ်ချက် နှင့်အညီ ထားရှိရမည်။

(ဌ) အန္တရာယ်ဖြစ်ပွားနိုင်သည့် တားမြစ်ကန့်သတ်ထားသော လုပ်ငန်းခွင်နေရာများသို့ ဝင်ထွက် သွားလာရာတွင် ကြိုတင်သတိပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် စိစစ်ကြပ်မတ် ပေးရမည်။

(ဍ) အသိပညာ၊ နည်းပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လက်စွဲစာစောင်နှင့် လမ်းညွှန်ချက်များကို အလုပ်သမားများအပြင် လုပ်ငန်းခွင်နှင့်ဆက်စပ်နေသူများကိုလည်း ဖြန့်ဝေပေးရမည်။

(ဎ) မီးဘေးကာကွယ်ရေးစီမံချက်ရေးဆွဲ၍ အလုပ်သမားများကို ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးသတ် ကိရိယာများအား စနစ်တကျအသုံးပြုတတ်စေရန် လေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဏ) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများက အလုပ်ခွင်သို့ ဝင်ရောက်စစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ စာရွက်စာတမ်းအထောက်အထားများ တောင်းခံခြင်း သို့မဟုတ် သက်သေခံ ပစ္စည်းများ သိမ်းဆည်းခြင်းတို့ကို ခွင့်ပြုပေးရမည်။

(တ) ဝန်ကြီးဌာနက အန္တရာယ်ရှိနိုင်သည်ဟု သတ်မှတ်ထားသည့် လုပ်ငန်းအမျိုးအစားများတွင် လုပ်ကိုင် နေသည့် အလုပ်သမားများအား သတ်မှတ်ထားသော အလုပ်ချိန်နာရီအတွင်း၌သာ လုပ်ကိုင် စေရမည်။

(ထ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကုန်ကျစရိတ်များကို တာဝန်ယူကျခံရမည်။

၂၉။ အလုပ်ရှင်သည် အောက်ပါကိစ္စရပ်တစ်ခုခုကြောင့် အလုပ်သမားတစ်ဦးဦးကို အလုပ်မှထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးအဆင့်လျှော့ချခြင်း မပြုရ -

(က) လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရခြင်း တို့အတွက် အသိအမှတ်ပြုဆရာဝန်၏ ဆေးသက်သေခံလက်မှတ် မရရှိမီကာလအတွင်း၊

(ခ) ဘေးအန္တရာယ်မကင်းသော သို့မဟုတ် ကျန်းမာရေးထိခိုက်မှု အန္တရာယ်ရှိသောကိစ္စရပ်အပေါ် တိုင်တန်းခြင်း၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းခွင်မတော်တဆ ထိခိုက်မှုအန္တရာယ်ဖြစ်ပွားမည့်ဆဲဆဲအခြေအနေနှင့် လုပ်ငန်းခွင် ရောဂါကူးစက်ခံစားရမည့် အန္တရာယ်ကျရောက်မည့်ဆဲဆဲ အခြေအနေများတွင် အလုပ်ဆက်လက် မလုပ်ကိုင်ခြင်း။

၃၀။ လုပ်ငန်းခွင် မတော်တဆထိခိုက်မှု သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိသည့် အလုပ်သမားသည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်ခြင်းမရှိလျှင် ယင်းအလုပ်သမား၏ အလုပ်လုပ်နိုင်မှုစွမ်းရည် လျော့ကျမှုအတိုင်းအတာနှင့် မသန်စွမ်းဖြစ်မှု အတန်းအစားကိုသိရှိနိုင်ရန် အလုပ်ရှင်က ကုန်ကျစရိတ်ကို တာဝန်ယူကျခံ၍ ဆေးစစ်ပေးရမည်။

၃၁။ အလုပ်ရှင်သည် -

(က) အသိအမှတ်ပြုဆရာဝန်၏ ဆေးစစ်ချက်အရ ကျန်းမာရေးအဆင့်မမီသည့် အလုပ်သမားများအား အလုပ်လုပ်ကိုင်ခြင်းကို ကန့်သတ်တားမြစ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကန့်သတ်တားမြစ်ခြင်းခံရသောအလုပ်သမားက ကျန်းမာရေးပြန်လည် ကောင်းမွန်လာကြောင်း အထောက်အထားဖြင့်တင်ပြလာလျှင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလတာဝန်တွင်ဖြစ်စေ၊ သင့်လျော်သည့် လုပ်ငန်းခွင်တွင်ဖြစ်စေ ပြန်လည်လုပ်ကိုင်ခွင့်ပြုရမည်။

(ဂ) လုပ်ငန်းခွင်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ၏ ကျန်းမာရေးမထိခိုက်စေရန် စီမံ ဆောင်ရွက်ပေးရမည်။

(ဃ) လုပ်ငန်းခွင်မတော်တဆ ထိခိုက်မှုကြောင့် မသန်စွမ်းဖြစ်သွားသည့် အလုပ်သမားက အလုပ်လုပ် ကိုင်လိုသည့် ဆန္ဒရှိလျှင် သင့်လျော်သည့်တာဝန်ပေးနိုင်ရေး စီစဉ်ပေးရမည်။

၃၂။ အလုပ်သမားများသည် -

(က) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ထုတ်ပေးထားသော အန္တရာယ်ကာကွယ်ရေးဝတ်စုံများ၊ ပစ္စည်းများနှင့် ကိရိယာတန်ဆာပလာများကို စနစ်တကျ တပ်ဆင်အသုံးပြုရမည်။

(ခ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများအရ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်ကဖြစ်စေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီကဖြစ်စေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိကဖြစ်စေ ညွှန်ကြားသည့် ညွှန်ကြားချက်နှင့် အကြံပြုချက်များကို လိုက်နာ ရမည်။

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းကမ်းချက် များ၊ သင်္ကေတအမှတ်အသားများ၊ နံရံကပ်ပိုစတာများ၊ နို့တစ်စာများနှင့် သတိပေးတားမြစ်ချက် များကို လိုက်နာရမည်။

(ဃ) လုပ်ငန်းခွင်တွင်အသုံးပြုသည့် ကိရိယာတန်ဆာပလာ၊ စက်၊ စက်ကိရိယာအစိတ်အပိုင်း၊ ယာဉ်၊ လျှပ်စစ်နှင့် အခြားဝတ္ထုပစ္စည်းများကို စနစ်တကျ ကိုင်တွယ်အသုံးပြုရမည်။

(င) လုပ်ငန်းခွင်တွင် လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန်ပျက်ကွက်မှုကြောင့် အလုပ်သမား ကိုယ်တိုင်နှင့် အခြားသူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးမထိခိုက်စေရန် အလေးထား ဆောင်ရွက်ရမည်။

(စ) အလုပ်ရှင်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိတို့က ဤဥပဒေအရ ယင်းတို့၏တာဝန်များကို ထမ်းဆောင်ရာ၌ ပူးပေါင်းဆောင်ရွက်ရမည်။

(ဆ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအား ထိခိုက်စေနိုင်မည့်အခြေအနေ၊ အကြောင်းအရာ၊ ဖြစ်ရပ်တစ်ခုခုကိုတွေ့ရှိပါက ကိုယ်တိုင်ဖြစ်စေ၊ အနီးကပ်လုပ်ငန်းကြီးကြပ်သူမှ တစ်ဆင့်ဖြစ်စေ အလုပ်ရှင် သို့မဟုတ် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အရာရှိထံ ချက်ချင်းတင်ပြရမည်။

(ဇ) အန္တရာယ်ကျရောက်မည့်ဆဲဆဲအခြေအနေတွင် အလုပ်ဆက်လက်လုပ်ကိုင်ရန် ငြင်းပယ်နိုင် သော်လည်း အလုပ်ရှင်က ပြောင်းလဲလုပ်ကိုင်စေသည့်အလုပ်အား ငြင်းပယ်ခြင်းမပြုရ။

(ဈ) လုပ်ငန်းခွင်အသီးသီးမှ အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်သမားအချင်းချင်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများနှင့် အချိန်မီ ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ကိုယ်စားလှယ်များ ရွေးချယ်နိုင်သည်။

## အခန်း (၉)

## အလုပ်ရုံ၊ လုပ်ငန်းခွင်၊ စက်နှင့်စက်ပစ္စည်းကိရိယာများ ဒီဇိုင်းပုံစံ ရေးဆွဲသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူ၊ ရောင်းချသူ၊ တင်သွင်းသူ၊ တည်ဆောက်သူ၊ တပ်ဆင်သူနှင့် ဖြိုဖျက်သူများ၏ တာဝန်များ

၃၃။ လုပ်ငန်းခွင်၌အသုံးပြုမည့် ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းနှင့်စက်ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍ ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း ပြုလုပ်သူတို့သည် စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သက်ဆိုင်ရာ ဦးစီးဌာနက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအတွက် စမ်းသပ်စစ်ဆေးပြီး အန္တရာယ်ကင်းရှင်းကြောင်း အတည်ပြု ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ရရှိရမည့်အပြင် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရမည် -

(က) အလုပ်ရုံ၊ စက်နှင့်စက်ပစ္စည်းကိရိယာများ၏ ပုံစံရေးဆွဲခြင်းနှင့် တည်ဆောက်ခြင်းပြုလုပ်ရာတွင် ယင်းအလုပ်ရုံ၊ စက်နှင့်စက်ပစ္စည်းကိရိယာများကို နည်းလမ်းတကျ မှန်ကန်စွာ အသုံးပြုသည့် အလုပ်သမားများအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးမထိခိုက်စေဘဲ အသုံးပြုနိုင်ရန် စီမံထားခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးမထိခိုက်စေရန် ပုံစံရေးဆွဲ တည်ဆောက်ထားမှု ရှိ မရှိ လိုအပ်သလို စမ်းသပ်ခြင်းနှင့်စစ်ဆေးခြင်းကို ဆောင်ရွက်ရန် အစီအမံများ ချမှတ်ထားခြင်း၊

(ဂ) အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးမထိခိုက်စေရန် လိုအပ်သည့် သတင်း အချက်အလက်များနှင့် ထပ်မံရရှိသည့် သတင်းအချက်အလက်အသစ်များကို အသုံးပြုသူထံ ပေးပို့ခြင်း၊

(ဃ) အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးထိခိုက်မှုဖြစ်ပွားနိုင်သည့် အခြေအနေအား တတ်နိုင်သမျှ ဖယ်ရှားရန် သို့မဟုတ် လျှော့ချရန် လိုအပ်သောသုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း။

၃၄။ အလုပ်ရုံ၊ လုပ်ငန်းခွင်၊ စက်နှင့် စက်ပစ္စည်းကိရိယာတစ်ခုခုအား ဒီဇိုင်းရေးဆွဲသူ၊ တည်ဆောက်သူ၊ တပ်ဆင်သူနှင့် ဖြိုဖျက်သူတစ်ဦးဦးသည် ယင်းအလုပ်ရုံ၊ စက်နှင့် စက်ပစ္စည်းကိရိယာများ တည်ဆောက်ဖြိုဖျက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးမထိခိုက်စေရန် အလေးထား ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## မတော်တဆ ထိခိုက်မှု၊ အန္တရာယ်ရှိသော ဖြစ်ရပ်၊ လုပ်ငန်းခွင် အဆိပ်သင့်မှုနှင့် ရောဂါဖြစ်ပွားမှု အကြောင်းကြားခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း

၃၅။ အလုပ်ရှင်သည် အောက်ပါကိစ္စများကို ဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုကြောင့် သေဆုံးမှုဖြစ်ပွားလျှင် တစ်နာရီအတွင်း သို့မဟုတ် ဝေးလံသည့်ဒေသများအတွက် ၂၄ နာရီထက်နောက်မကျစေဘဲ သင့်လျော်သည့် ဆက်သွယ်ရေးနည်းလမ်းဖြင့် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ခ) လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်ဒဏ်ရာရပြီးနောက် ၄၈ နာရီ သို့မဟုတ် ၄၈ နာရီထက်ပို၍ လုပ်ကိုင်မြဲအလုပ်ကို ပြန်၍မလုပ်ကိုင်နိုင်လျှင် ထိုသို့မလုပ်ကိုင်နိုင်သည့်အကြောင်းရင်းကို ၇၂ နာရီအတွင်း သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ဂ) လုပ်ငန်းခွင်တွင် အလုပ်သမားတစ်ဦးဦးသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါတစ်မျိုးမျိုး စွဲကပ်လျှင်ဖြစ်စေ၊ လုပ်ငန်းခွင်အတွင်း သုံးစွဲသည့်ပစ္စည်းကိရိယာ သို့မဟုတ် လုပ်ငန်းစဉ်ကြောင့် အဆိပ်သင့်ကြောင်း သို့မဟုတ် အဆိပ်သင့်နိုင်ကြောင်း အသိအမှတ်ပြုဆရာဝန်၏ ဆေးစစ်ချက်မှတ်တမ်းဖြင့် အောက်ဖော်ပြပါအချက်အလက်များ ပါဝင်သည့် အစီရင်ခံစာကို အခင်းဖြစ်ပွားပြီး ခုနစ်ရက်အတွင်း သက်ဆိုင်ရာဦးစီးဌာနသို့ ပေးပို့ရမည် -

(၁) လူနာအလုပ်သမားအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(၂) ရောဂါအမည်၊ ဖြစ်ပွားရသည့်အကြောင်းရင်းနှင့် အတိုင်းအတာပမာဏ၊

(၃) လူနာအလုပ်သမား အလုပ်လုပ်နေသည့် သို့မဟုတ် အလုပ်လုပ်ခဲ့သည့် အလုပ်ရှင်၏ အမည်၊ နေရပ်လိပ်စာအပါအဝင် လုပ်ငန်းအမျိုးအစားနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များ။

၃၆။ အသိအမှတ်ပြု ဆရာဝန်တစ်ဦးဦးသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါတစ်မျိုးမျိုး စွဲကပ်နေသည့် အလုပ်လုပ်နေသူ သို့မဟုတ် အလုပ်လုပ်ခဲ့သူကို ဆေးကုသလျှင် ထိုဆရာဝန်သည် ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဂ) ပါ အချက်အလက်များဖော်ပြထားသည့် အစီရင်ခံစာကို သက်ဆိုင်ရာ အလုပ်ရှင်နှင့် သတ်မှတ်ထားသည့် သက်ဆိုင်ရာ ဦးစီးဌာနများသို့ ဆေးကုသမှုစတင်သည့်နေ့မှစ၍ ၄၈ နာရီအတွင်း အကြောင်းကြားရမည်။

၃၇။ (က) စစ်ဆေးရေးအရာရှိသည် လုပ်ငန်းခွင် မတော်တဆထိခိုက်မှုများ၊ အန္တရာယ်ရှိသောဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ လုပ်ငန်းခွင်အဆိပ်သင့်မှုများဖြစ်ပွားကြောင်း သိရှိရပါက စုံစမ်းစစ်ဆေးရမည်။

(ခ) မည်သူမဆို ဖြစ်ပွားခဲ့သည့် လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများ၊ အန္တရာယ်ရှိသော ဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ လုပ်ငန်းခွင် အဆိပ်သင့်မှုများနှင့် သက်ဆိုင်သည့် ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ စက်ယန္တရားများ၊ နေရာအခင်းအကျင်းများ အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်မရဘဲ ဖယ်ရှားခြင်း၊ ဖျောက်ဖျက်ခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ။

(ဂ) ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်သည် အသက်အိုးအိမ်စည်းစိမ်၊ ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် လိုအပ်သော လုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ဃ) စစ်ဆေးရေးအရာရှိချုပ်သည် လုပ်ငန်းခွင်ဆိုင်ရာရောဂါများ ဖြစ်ပွားဖွယ်ရှိသော သို့မဟုတ် လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှုကြောင့် သေဆုံးမှုများ ဖြစ်ပွားဖွယ်ရှိသောပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ စက်ယန္တရားများနှင့် နေရာအခင်းအကျင်းကို ဖယ်ရှားခြင်း၊ ဖြုတ်သိမ်းခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်ရန် အလုပ်ရှင်အား ခွင့်ပြုနိုင်သည်။

၃၈။ အမျိုးသားကောင်စီသည် အန္တရာယ်ရှိသောဖြစ်ရပ်များ ဖြစ်ပွားခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါ ဖြစ်ပွားခြင်းနှင့် ကြီးမားပြင်းထန်သော လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများကို လိုအပ်ပါက စုံစမ်းစစ်ဆေးရန် စုံစမ်းစစ်ဆေးရေးကော်မတီကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၃၉။ ပုဒ်မ ၃၈ အရ ဖွဲ့စည်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီသည် စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ -

(က) ပုဒ်မ ၃၈ ပါကိစ္စအတွက် စုံစမ်းစစ်ဆေးရန် ရည်ရွယ်ချက်ဖြင့်သာ စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သောနေရာသို့ ဝင်ရောက်စစ်ဆေးနိုင်ခွင့်ရှိသည်။

(ခ) စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များအား စုံစမ်းစစ်ဆေးရန် ဆင့်ဆိုခြင်း၊ စုံစမ်း မေးမြန်းခြင်းနှင့် စစ်ဆေးချက်များ ရယူခြင်းပြုနိုင်သည်။

(ဂ) လိုအပ်သည့် စာရွက်စာတမ်း၊ စာရင်းဇယား၊ စာချုပ်၊ သက်သေခံအထောက်အထားများ၊ ပုံစံများ၊ နမူနာပစ္စည်းများကို ရယူနိုင်သည်။

(ဃ) စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်တို့ပါဝင်သော အစီရင်ခံစာကို အမျိုးသား ကောင်စီထံသို့ စုံစမ်းစစ်ဆေးပြီး ခုနစ်ရက်အတွင်း တင်ပြရမည်။

## အခန်း (၁၁)
## စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူအဖြစ်ဆောင်ရွက်ခြင်း

၄၀။ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူအဖြစ်လည်းကောင်း၊ သင်တန်းပေးသူအဖြစ်လည်းကောင်း လုပ်ကိုင်လိုသူ သည် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ကိုက်ညီပါက အသိအမှတ်ပြုလက်မှတ်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၁။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ပုဒ်မ ၄၀ အရ လျှောက်ထားချက်ကိုစိစစ်၍ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်း ပေးသူအဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် သတ်မှတ်ချက်နှင့် မကိုက်ညီပါက ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုသည့်အခါ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေပေးသွင်း စေပြီး လျှောက်ထားသူအား အသိအမှတ်ပြု လက်မှတ်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် အသိအမှတ်ပြု လက်မှတ် ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသော စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူများကို မှတ်ပုံတင်ထားရမည်။

၄၂။ (က) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) အရ အသိအမှတ်ပြုလက်မှတ် ရရှိသူသည် အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်၍ လုပ်ကိုင်လိုသည့်အခါ အသိအမှတ်ပြုလက်မှတ် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး အသိအမှတ်ပြုလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် သတ်မှတ်ချက်နှင့် မကိုက်ညီပါက ငြင်းပယ်ခြင်း ပြုနိုင်သည်။ အသိအမှတ်ပြုလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဝန်ကြီးဌာနက သတ်မှတ်ထားသော သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး လျှောက်ထားသူအား အသိအမှတ်ပြုလက်မှတ် သက်တမ်းတိုးမြှင့်ပေးရမည်။

၄၃။ (က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စမ်းသပ်စစ်ဆေးပြီး အန္တရာယ်ကင်းရှင်းကြောင်း တွေ့ရှိပါက အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ အလုပ်ရှင်အား ထုတ်ပေးရမည်။

(ခ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူသည် ဦးစီးဌာနက သတ်မှတ်ပေးသော စည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

## အခန်း (၁၂)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၄၄။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ ကြိုတင်ခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိလျှင် ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုရမည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိလျှင် လုပ်ငန်းဆောင်ရွက်ခွင့် ယာယီရပ်ဆိုင်းကြောင်း အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) လုပ်ငန်းလိုင်စင်ရရှိသူအား အကြောင်းကြားစာ လက်ခံရရှိပြီး ခုနစ်ရက်အတွင်း ဖြေရှင်းတင်ပြစေရမည်။

(ဃ) ပုဒ်မခွဲ (ဂ) ပါ အလုပ်ရှင်၏ ဖြေရှင်းချက်အပေါ် ခိုင်လုံသော အကြောင်းပြချက်မရှိကြောင်း တွေ့ရှိလျှင် စီမံခန့်ခွဲရေးနည်းလမ်းအရ သတ်မှတ်ထားသော ဒဏ်ကြေးကိုပေးဆောင်စေခြင်း သို့မဟုတ် ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုရမည်။

၄၅။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူက အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိလျှင် လုပ်ငန်းဆောင်ရွက်ခွင့် ယာယီရပ်ဆိုင်းကြောင်း အကြောင်းကြားစာ ပေးပို့ရမည် -

(၁) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် ဆောင်ရွက်ခွင့်ရရှိရန် လျှောက်ထားရာတွင် မမှန်မကန် တင်ပြခဲ့ခြင်း၊

(၂) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် ဆက်လက်လုပ်ကိုင်ရန် သင့်လျော်မှုမရှိတော့ခြင်း၊

(၃) ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း။

(ခ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအား အကြောင်းကြားစာလက်ခံရရှိပြီး ခုနစ်ရက်အတွင်း ဖြေရှင်းတင်ပြစေရမည်။

(ဂ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူ၏ ပုဒ်မခွဲ (ခ) ပါ ဖြေရှင်းချက်အပေါ် ခိုင်လုံသော အကြောင်းပြချက်မရှိကြောင်းတွေ့ရှိလျှင် စီမံခန့်ခွဲရေးနည်းလမ်းအရ သတ်မှတ်ထားသော ဒဏ်ကြေးကိုပေးဆောင်စေခြင်း သို့မဟုတ် ထုတ်ပေးထားသော အသိအမှတ်ပြုလက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်။

## အခန်း (၁၃)
## အယူခံခြင်း

၄၆။ (က) စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများက ပုဒ်မ ၂၀ အရ ထုတ်ဆင့်သည့် အမိန့်ကိုလည်းကောင်း၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းဆက်လက်လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ချက်ကိုလည်းကောင်း မကျေနပ်သူသည် အဆိုပါ အမိန့်ချမှတ်သည့် သို့မဟုတ် တားမြစ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အမျိုးသားကောင်စီက ဖွဲ့စည်းပေးသည့် အယူခံကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ အမိန့် သို့မဟုတ် တားမြစ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၇။ (က) ပုဒ်မ ၄၄ အရဖြစ်စေ၊ ပုဒ်မ ၄၅ အရဖြစ်စေ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အယူခံကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၈။ အယူခံမှုများနှင့်စပ်လျဉ်း၍ အယူခံကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၄၉။ ညွှန်ကြားရေးမှူးချုပ်၏ ပုဒ်မ ၄၄ အရ ကြိုတင်ခွင့်ပြုချက်လက်မှတ်ကို ပယ်ဖျက်သည့် ဆုံးဖြတ်ချက် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်သည့် ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပုဒ်မ ၄၅ အရ အသိအမှတ်ပြုလက်မှတ်ကို ပယ်ဖျက်သည့်ဆုံးဖြတ်ချက်ကိုဖြစ်စေ အယူမခံလျှင် ရက်ပေါင်း (၃၀) ပြည့်ပြီးနောက် ခုနစ်ရက်အတွင်း သို့မဟုတ် အယူခံသော်လည်းကောင်း အယူခံကော်မတီက ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) အရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကိုအတည်ပြုလျှင် ထုတ်ပေးထားသည့် ကြိုတင်ခွင့်ပြုချက်လက်မှတ်၊ လုပ်ငန်းလိုင်စင် သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ခုနစ်ရက်အတွင်း ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၁၄)
## တားမြစ်ချက်များ

၅၀။ မည်သူမဆို -

(က) ညွှန်ကြားရေးမှူးချုပ်၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဤဥပဒေ၏ ရည်ရွယ်ချက်နှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုအတွက် အဆောက်အအုံ ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းမပြုရ။

(ခ) ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော လုပ်ငန်းလိုင်စင်မရှိဘဲ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်းမပြုရ။

(ဂ) ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်မရှိဘဲ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၅၁။ မည်သည့်အလုပ်ရှင်မဆို -

(က) ပုဒ်မ ၂၀ အရ လုပ်ငန်းခွင် သို့မဟုတ် လုပ်ငန်းစဉ်အား ရပ်နားထားရန်ဖြစ်စေ၊ ပိတ်ရန်ဖြစ်စေ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများက ထုတ်ဆင့်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်းမပြုရ။

(ခ) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမပြုရ။

(ဂ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) အရ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိက ထုတ်ပြန်သည့် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမပြုရ။

(ဃ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) အရ သတ်မှတ်သည့်ကာလအတွင်း ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူရန် ပျက်ကွက်ခြင်းမပြုရ။

(င) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (တ) အရ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အန္တရာယ်ရှိနိုင်သော လုပ်ငန်းများတွင် အလုပ်သမားများအား သတ်မှတ်ထားသည့်အလုပ်ချိန်ထက် ကျော်လွန်စေခိုင်းခြင်းမပြုရ။

(စ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ထ) အရ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကုန်ကျစရိတ်များကို တာဝန်ယူကျခံရန် ပျက်ကွက်ခြင်းမပြုရ။

၅၂။ မည်သူမဆို ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) အရ စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်မရဘဲ လုပ်ငန်းခွင်မတော်တဆထိခိုက်မှု၊ အန္တရာယ်ရှိသောဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ၊ လုပ်ငန်းခွင် အဆိပ်သင့်မှုများနှင့်သက်ဆိုင်သည့် ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ စက်ယန္တရားများ၊ နေရာအခင်းအကျင်းများအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဖယ်ရှားခြင်း၊ ဖျောက်ဖျက်ခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ။

၅၃။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်သည့် မည်သည့်ပုဂ္ဂိုလ်မျှ မိမိ၏ရာထူးဆိုင်ရာတာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ သိရှိလာသည့် လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်တစ်ခုခုနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရာထူးတာဝန်ထမ်းဆောင်နေစဉ်တွင်သော်လည်းကောင်း၊ ရာထူးတာဝန်မှ အနားယူပြီးနောက်တွင်သော်လည်းကောင်း တရားရုံးတွင် သက်သေခံသည်မှအပ မည်သူကိုမျှ ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

## အခန်း (၁၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၄။ မည်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိမဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၅။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၁၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) မှ (ဇ) အထိ၊ ပုဒ်မ ၂၉ နှင့် ပုဒ်မ ၃၁ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၆။ မည်သည့် အလုပ်သမားမဆို ပုဒ်မ ၃၂၊ ပုဒ်မခွဲ (င) နှင့် (ဆ) မှအပ ကျန်ပုဒ်မခွဲများပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ၃၀၀၀၀ ထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၅၇။ မည်သည့်အလုပ်သမားမဆို ပုဒ်မ ၃၂၊ ပုဒ်မခွဲ (င) နှင့် (ဆ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို တမင်ကြံရွယ် ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အများဆုံး ကျပ် ၁ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၈။ မည်သည့် အလုပ်ရုံ၊ လုပ်ငန်းခွင်၊ စက်နှင့် စက်ပစ္စည်းကိရိယာများ ဒီဇိုင်းပုံစံ ရေးဆွဲသူ၊ ထုတ်လုပ်သူ၊ တင်သွင်းသူ၊ ရောင်းချသူ၊ တည်ဆောက်သူ၊ တပ်ဆင်သူနှင့် ဖြိုဖျက်သူမဆို ပုဒ်မ ၃၃ နှင့် ၃၄ တို့ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၀။ မည်သည့် အသိအမှတ်ပြုဆရာဝန်မဆို ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ၅ သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၁။ မည်သည့် စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူမဆို ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၂၀ သိန်းမှ ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သည့် အလုပ်ရှင်မဆို -

(က) ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်ဒဏ် ချမှတ်ခြင်းခံရပြီးနောက် ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ပါက နောက်ထပ် ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်သည့် နေ့ရက်အသီးသီးအတွက် ထိုသူကို တစ်ရက်လျှင် ကျပ် ၁ သိန်းစီဖြင့် ငွေဒဏ်ချမှတ်ရမည်။

၆၄။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀ သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၅။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၆။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်သည့် မည်သည့် ပုဂ္ဂိုလ်မဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၆၇။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ် သိန်း ၂၀ ထက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၆)

## မတော်တဆထိခိုက်မှုကာကွယ်ရေးလုပ်ငန်းများအား စီမံခန့်ခွဲခြင်း

၆၈။ အမျိုးသားကောင်စီသည် အလုပ်ရှင်၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲပြီး အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေမည့် လှုပ်ရှားမှုများနှင့် လုပ်ငန်းများ၊

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့် ပတ်သက်၍ သုတေသန လုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများ၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးမြှင့်တင်ရန် ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ။

## အခန်း (၁၇)
## အထွေထွေ

၆၉။ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေဖြစ်ပေါ်နေလျှင် ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မည်သည့်လုပ်ငန်းခွင်ကိုမဆို သင့်လျော်သည့် ကာလအပိုင်းအခြားအတွင်း စည်းကမ်းချက်များ သတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ကာလအပိုင်းအခြား သတ်မှတ်၍ သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၇၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကောင်စီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၇၁။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကောင်စီအဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသော စရိတ်နှင့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၇၂။ အမျိုးသားကောင်စီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ဝန်ထမ်းများကို ဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၇၃။ ဤဥပဒေအရ လိုအပ်၍ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်နှင့် ရုံးအဖွဲ့ ကုန်ကျစရိတ်အဝဝကို ဝန်ကြီးဌာနက ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၇၄။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ဆောင်ရွက်သော စစ်ဆေးရေးအရာရှိကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၇၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများပါ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၇၆။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကောင်စီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

အမှတ် ၆၀/၂၀၁၇။ ။ နယူးယောက်မြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မက္ကဆီကိုပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

အမှတ် ၆၁/၂၀၁၇ ။ ။ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီး ဦးဝင်းနိုင်အား ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

အမှတ် ၇၁/၂၀၁၇ ။ ။ စင်ကာပူမြို့၊ မြန်မာသံရုံးမှ သံမှူးကြီး ဦးသက်ထွန်းအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၂/၂၀၁၇ ။ ။ နယူးဒေလီမြို့၊ မြန်မာသံရုံးမှ သံမှူးကြီး ဦးဇော်နိုင်ဝင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၃/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်မျိုးသိမ်းအား မြန်မာသံရုံး၊ နယူးဒေလီမြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၇၄/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ဌာနစုမှူး-၁ ဒေါ်နှင်းနုနုအောင်အား မြန်မာသံရုံး၊ စင်ကာပူမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

အမှတ် ၈၂/၂၀၁၇ ။ ။ မနီလာမြို့၊ မြန်မာသံရုံးမှ သံမှူးကြီး ဒေါ်လဲ့လဲ့စိန်အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၈၃/၂၀၁၇ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုမင်းအား မနီလာမြို့မြန်မာသံရုံးသို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

အမှတ် ၁၆ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၇) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (Editor in Chief) လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ဦးဝင်းကြည်အား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့အထိ ငြင်းပယ်လိုက်သည်။

အမှတ် ၁၇ ။ ။ အဆိုပါငြင်းပယ်ခဲ့သည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့အထိကို ခံစားခွင့်ပြုပြီး ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၁၈ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၇) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲမှ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဒေါ်မြမြအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၁၉ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၇) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးခင်မောင်ထွန်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

အမှတ် ၂၀ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်မှ စာပေဖွံ့ဖြိုးရေးနှင့် စာကောင်းပေမွန်တို့အတွက် နှစ်စဉ်ချီးမြှင့်လျက်ရှိသော အမျိုးသားစာပေဆုများ စိစစ်ရွေးချယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၁၆ ခုနှစ်အတွက် **အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| ၁။ | စည်သူဒေါက်တာသော်ကောင်း | ဥက္ကဋ္ဌ |
| ၂။ | ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း) | ဒုတိယဥက္ကဋ္ဌ |
| ၄။ | စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်) | အဖွဲ့ဝင် |
| ၅။ | ဒေါက်တာတင်လှိုင် | အဖွဲ့ဝင် |
| ၆။ | ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ) | အဖွဲ့ဝင် |
| ၇။ | ဦးမြဟန် | အဖွဲ့ဝင် |
| ၈။ | ဦးမြဝင်း (မြဝင်း-ဒဿန) | အဖွဲ့ဝင် |
| ၉။ | ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်) | အဖွဲ့ဝင် |
| ၁၀။ | ဦးကျော်ဝင်း (မနုဿ ကျော်ဝင်း) | အဖွဲ့ဝင် |
| ၁၁။ | ဒေါက်တာတိုးလှ | အဖွဲ့ဝင် |
| ၁၂။ | ဦးအေးချို (မဟာဝိဇ္ဇာ) | အဖွဲ့ဝင် |
| ၁၃။ | ဒေါက်တာမောင်မောင်စံ (ကြည်မင်း) | အဖွဲ့ဝင် |
| ၁၄။ | ဦးကျော်နိုင် (ထက်မြက်) | အဖွဲ့ဝင် |
| ၁၅။ | ဦးဟုန်ဝမ် (မောင်ဟုန်ဝမ်-ကထိက) | အဖွဲ့ဝင် |
| ၁၆။ | ဦးကျော်စွာ (ချစ်ဦးညို) | အဖွဲ့ဝင် |
| ၁၇။ | ဦးကြည်စိုးထွန်း (ကြည်စိုးထွန်း) | အဖွဲ့ဝင် |
| ၁၈။ | ဦးမျိုးညွန့် (စာပေလောက) | အဖွဲ့ဝင် |
| ၁၉။ | ဦးမြင့်စိုး (မြင့်စိုးလှိုင်) | အဖွဲ့ဝင် |
| ၂၀။ | ဒေါက်တာအောင်ကြီး | အဖွဲ့ဝင် |
| ၂၁။ | ဦးလေးမြတ် (ကိုလေးမြတ်) | အဖွဲ့ဝင် |
| ၂၂။ | ဒေါ်ချိုချိုတင် (မစန္ဒာ) | အဖွဲ့ဝင် |
| ၂၃။ | ဒေါက်တာခင်သန်းဦး | အဖွဲ့ဝင် |
| ၂၄။ | ဦးမောင်လှိုင် (မောင်ဆွေငယ်) | အဖွဲ့ဝင် |
| ၂၅။ | ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) | အဖွဲ့ဝင် |
| ၂၆။ | ဦးစိန်ဝင်း (မောင်စိန်ဝင်း-ပုတီးကုန်း) | အဖွဲ့ဝင် |
| ၂၇။ | ဦးစိန်လှိုင် (သူရဇော်) | အဖွဲ့ဝင် |
| ၂၈။ | ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း) | အဖွဲ့ဝင် |
| ၂၉။ | ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) | အဖွဲ့ဝင် |
| ၃၀။ | ဦးကျော်ဦး (ကျော်ဦး) | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၃၁။ | ဒေါက်တာခင်မောင်ညို | အဖွဲ့ဝင် |
| ၃၂။ | ဦးကိုကိုလှိုင် | အဖွဲ့ဝင် |
| ၃၃။ | ဦးဝင်းငြိမ်း (ဝင်းငြိမ်း) | အဖွဲ့ဝင် |
| ၃၄။ | ဦးမောင်မောင် (ကြည်ရွှန်း) | အဖွဲ့ဝင် |
| ၃၅။ | ဒေါ်မြမြသန်း (မနှင်းဖွေး) | အဖွဲ့ဝင် |
| ၃၆။ | ဒေါက်တာမြင့်သန်း (သန္တေသား) | အဖွဲ့ဝင် |
| ၃၇။ | ဦးမြင့်ထွန်း (ဆုပြည့်စုံထွန်း) | အဖွဲ့ဝင် |
| ၃၈။ | ဒေါ်တင်ဝင်းရည် | အဖွဲ့ဝင် |
| ၃၉။ | ဒေါ်နန်းအိအိဇာ | အဖွဲ့ဝင် |
| ၄၀။ | ဦးရဲထွဋ် (သန်လျင်-မောင်ဝင်းဝါ) | အဖွဲ့ဝင် |
| ၄၁။ | ဦးမျိုးအောင် (ငြိမ်းမင်း) | အဖွဲ့ဝင် |
| ၄၂။ | ဦးတင်မောင်ဝင်း (လေးကိုတင်) | အဖွဲ့ဝင် |
| ၄၃။ | ဒေါ်ငွေငွေမြင့် (ခင်မြဇင်) | အဖွဲ့ဝင် |
| ၄၄။ | ဦးတင့်ခိုင် (တင့်ခိုင်) | အဖွဲ့ဝင် |
| ၄၅။ | ဦးဇော်လင်း (လင်းအေး) | အဖွဲ့ဝင် |
| ၄၆။ | ဦးတင်ဦး (မောင်သင်းခိုင်) | အဖွဲ့ဝင် |
| ၄၇။ | ဦးညီညီ (မောင်ပြည့်မင်း) | အဖွဲ့ဝင် |
| ၄၈။ | ဦးဝင်းမြင့် (ဝင်းမင်းထွေး) | အဖွဲ့ဝင် |
| ၄၉။ | ဦးရဲမြင့် (သစ္စာနီ) | အဖွဲ့ဝင် |
| ၅၀။ | ဦးမင်းဆန်းဦး (မင်းထက်မောင်) | အဖွဲ့ဝင် |
| ၅၁။ | ဦးစိုးညွန့် (ရာပြည့်) | အဖွဲ့ဝင် |
| ၅၂။ | ဒေါ်နုနုရည် (နုနုရည်-အင်းဝ) | အဖွဲ့ဝင် |
| ၅၃။ | ဒေါ်ခင်နှင်းဦး (ခင်နှင်းဦး) | အဖွဲ့ဝင် |
| ၅၄။ | ဦးခင်မောင်ဝင်း (နေဝင်းမြင့်) | အဖွဲ့ဝင် |
| ၅၅။ | ဦးကျော်ဆန်း (ဆူးငှက်) | အဖွဲ့ဝင် |
| ၅၆။ | ဒေါ်ခင်လေးညို (မြနှောင်းညို) | အဖွဲ့ဝင် |
| ၅၇။ | ဦးခင်မောင်မြင့် (မြေလတ်မောင်မြင့်သူ) | အဖွဲ့ဝင် |
| ၅၈။ | ဦးလှကြည် (ကြည်နိုင်) | အဖွဲ့ဝင် |
| ၅၉။ | ဒေါ်အဝင်း | အဖွဲ့ဝင် |
| ၆၀။ | ဂျူနီယာဝင်း | အဖွဲ့ဝင် |
| ၆၁။ | ဦးခင်မောင်စိုး (မောင်သာမည) | အဖွဲ့ဝင် |
| ၆၂။ | ဦးမော်လင်း (မော်လင်း) | အဖွဲ့ဝင် |
| ၆၃။ | ဦးတင့်ဇော် (တင့်ဇော်) | အဖွဲ့ဝင် |
| ၆၄။ | ဦးသန်းငွေ (သင့်နော်) | အဖွဲ့ဝင် |
| ၆၅။ | ဒေါက်တာသန့်လွင်မောင် (ကိုတာ) | အဖွဲ့ဝင် |
| ၆၆။ | ဒေါက်တာသန်းထွဋ် (လင်း-ဆေး ၁) | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၆၇။ | ဒေါက်တာမြင့်မောင်မောင် | အဖွဲ့ဝင် |
| ၆၈။ | ဦးငြိမ်းချမ်း (ညီပုလေး) | အဖွဲ့ဝင် |
| ၆၉။ | ဦးအေးမောင် (အေးမောင်ကျော်) | အဖွဲ့ဝင် |
| ၇၀။ | ဦးကိုကိုကြီး | အဖွဲ့ဝင် |
| ၇၁။ | ဒေါ်တင်တင်ဝင်း (ဂျူး) | အဖွဲ့ဝင် |
| ၇၂။ | ဦးသိန်းစိုး (မင်းချမ်းမွန်) | အဖွဲ့ဝင် |
| ၇၃။ | ဦးပေါ်ဦးထွန်း (မင်းကိုနိုင်) | အဖွဲ့ဝင် |
| ၇၄။ | ဦးမောင်မောင်ဦး (ဟိန်းလတ်) | အဖွဲ့ဝင် |
| ၇၅။ | ဦးသန်းအုန်း (မောင်ဇေယျာ) | အတွင်းရေးမှူး |
| ၇၆။ | ဦးကြည်ဝင်း (လောကအမွန်) | တွဲဖက်အတွင်းရေးမှူး (၁) |
| ၇၇။ | ဦးဌေးဝင်း (မောင်လင်းရိပ်) | တွဲဖက်အတွင်းရေးမှူး (၂) |

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

အမှတ် ၂၈ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈) ဖြင့် ဖွဲ့စည်းခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းရှိန်၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန **အစား** ဦးကောင်းစံဦး၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

အမှတ် ၂၉ ။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၁၀၅/၁၁၈ - လျှော့ပေါ့/အဖရ (၃/၂၀၁၇) ဖြင့် အကြောင်းကြားချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သတ်မှတ်ပညာအရည်အချင်းလျှော့ပေါ့၍ အထူးကိစ္စတစ်ရပ်အနေဖြင့် တိုးမြှင့်ခန့်ထားရန် ထောက်ခံထားသည့် အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ-၁ (စက်မှု/လျှပ်စစ်) အား ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနတွင် ယင်းနှင့်ယှဉ်တွဲဖော်ပြပါရာထူးနေရာသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်** | **မူလရာထူး/ လစာနှုန်း** | **တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း** |
|---|---|---|
| ဦးအောင်နိုင် (ကပ-၃၂၆၀) | အငယ်တန်းအင်ဂျင်နီယာ-၁ (စက်မှု/လျှပ်စစ်) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (စက်မှု/လက်မှု) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက် ( ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်သူ့လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံးမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းဆင့်အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ အပိုဒ် ၈၇ အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် နံနက်ပိုင်းမှ ဖေဖော်ဝါရီလ ၁၉ ရက် ညနေပိုင်းထိ လုပ်သက်ခွင့် (၇) ရက် ခံစားခွင့်ပြုကြောင်းနှင့် ခွင့်ခံစားနေစဉ်ကာလအတွင်း ဌာနချုပ်မှ ထွက်ခွာခွင့် ပြုလိုက်သည်။

၂။ ခွင့်မှပြန်လာသောအခါ ဒေါ်သန်းသန်းဆင့်အား ဦးစီးအရာရှိ၏ တာဝန်များကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ပြန်လည်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

### အမျိုးသားလွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၀၀၉/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

၁။ အမျိုးသားလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ဦးသီဟဟန်၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

(ပုံ) လွင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )

အမှတ် ၂။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၂) ဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ (နံနက်ပိုင်း) မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန/ဒေသ |
|---|---|---|
| ၁။ | ဦးဝင်းကျော်သွင် | စစ်ကိုင်းတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၂။ | ဦးခင်မောင်ကြည် | စီမံဌာန |

ရဲနိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ရေတပ်ဌာနစု)

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် )

အမှတ် ၁/၂၀၁၇။ ။ အောက်ဖော်ပြပါအရာခံဗိုလ်များအား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၇၀) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှအစပြု၍ တပ်မတော်(ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

(၁) ဌေးကြွယ် ရေ ၅၂၇၄
(၂) စိုးလွင် ရေ ၅၂၇၅

အမိန့်အရ
ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်<br>( ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**TRAVELLING DRAGON CO., LTD.**

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **TRAVELLING DRAGON CO., LTD.** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| U Zaw Htun | ဦးဇင်ဝေ |
| Managing Director | [B. Com, C.P.A (210)] |
| Travelling Dragon Co., Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## ကိုကိုဖယ်မလီ ကုမ္ပဏီလီမိတက်

## (KO KO FAMILY COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကိုကိုဖယ်မလီ ကုမ္ပဏီလီမိတက် (KO KO FAMILY COMPANY LIMITED)** အား (၂၂-၃-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B. Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးသီဟကိုကို
မန်နေးဂျင်းဒါရိုက်တာ
ကိုကိုဖယ်မလီ ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B. Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ် - ၁၄၁/၁၄၅၊ အခန်း - ၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ဘဏ္ဍာစိုးအုပ်စု ကုမ္ပဏီလီမိတက်

## (STEWARD GROUP COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဘဏ္ဍာစိုးအုပ်စု ကုမ္ပဏီလီမိတက် (STEWARD GROUP COMPANY LIMITED)** အား (၂၂-၃-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B. Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နော်လားဆိဆိခလေး
မန်နေးဂျင်းဒါရိုက်တာ
ဘဏ္ဍာစိုးအုပ်စု ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B. Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ် - ၁၄၁/၁၄၅၊ အခန်း - ၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အာရှစီးပွားရေး ကွန် (မ်) ပတ် (စ်) ကုမ္ပဏီလီမိတက်

## (ASIA BUSINESS COMPASS COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အာရှစီးပွားရေး ကွန် (မ်) ပတ် (စ်) ကုမ္ပဏီလီမိတက် (ASIA BUSINESS COMPASS COMPANY LIMITED)** အား (၂၂-၃-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B. Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်သည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်စိုး
မန်နေးဂျင်းဒါရိုက်တာ
အာရှစီးပွားရေး ကွန် (မ်) ပတ် (စ်)
ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အခန်း - (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အေဗယ် - တက် အင်ဂျင်နီယာရင်း ကုမ္ပဏီလီမိတက်

## ABLE-TECH ENGINEERING COMPANY LIMITED

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အေဗယ် - တက် အင်ဂျင်နီယာရင်း ကုမ္ပဏီလီမိတက် (ABLE-TECH ENGINEERING COMPANY LIMITED)** အား (၂၂-၃-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B. Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးရဲမြင့်
မန်နေးဂျင်းဒါရိုက်တာ
အေဗယ်-တက် အင်ဂျင်နီယာရင်း ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အခန်း - (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## မြစ်ငယ်နဒီ ကုမ္ပဏီလီမိတက်

## MYIT NGE NADI COMPANY LIMITED

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြစ်ငယ်နဒီ ကုမ္ပဏီလီမိတက် (MYIT NGE NADI COMPANY LIMITED)** အား (၂၂-၃-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B. Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်စွာဝင်း
မန်နေးဂျင်းဒါရိုက်တာ
မြစ်ငယ်နဒီ ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ် - (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## FIVE FRIENDS ENGINEERING GROUP COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ၊ ၂၀၈- င အရ၊ ဖျက်သိမ်းဆဲ **FIVE FRIENDS ENGINEERING GROUP COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကိုရရှိရန်ရှိသဖြင့် အစုရှင်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၃၀-၄-၂၀၁၇ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၉း၃၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | တာဝါ (ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀)ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့်ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## For You Oil And Gas Support Services Company Limited

ဖျက်သိမ်းရန် ကြေညာချက်

၁။ **For You Oil And Gas Support Services Co., Ltd.** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၇-၂-၂၀၁၇) နေ့တွင် ကုမ္ပဏီရုံး၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ချိုချိုတိုး နိုင်ငံသား မှတ်ပုံတင်အမှတ် [၁၂/မရက (နိုင်) ၀၇၀၈၅၃] ကို ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၃၀-၄-၂၀၁၇) နေ့ နောက်ဆုံးထား၍ ဒေါ်ချိုချိုတိုး (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဒေါ်ချိုချိုတိုး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## A-KYOO TO SERVICE Co., LTD

(အစုရှယ်ယာရှင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ)
မြီရှင်များသို့ သတိပေးချက်

**A-KYOO TO SERVICE Co., LTD.** ဒါရိုက်တာအဖွဲ့၏ (၁-၁၂-၂၀၁၆) ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သော အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **A-KYOO TO SERVICE Co., LTD.** အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းရေးအရာရှိဖြင့် ဒေါ်မြတ်မြတ်စိုး (တရားလွှတ်တော် ရှေ့နေ) အား ခန့်အပ်ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်တို့ထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့ နောက်ဆုံးထား၍ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်ပါလိပ်စာသို့ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ် ပါသည်။

Thant Sin Oo
Managing Director
A-Kyoo To Services Co., Ltd.

ဒေါ်မြတ်မြတ်စိုး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် - ၇၁၊ ၃/ခ၊ ဌာနာလမ်း၊
ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

## Myanmar Systems Co., Ltd.

## Liquidation and Appointment of Liquidator

At the Extraordinary General Meeting of the shareholders of "Myanmar Systems Co., Ltd." duly convened on 1st March, 2017.

Special Resolutions: -

1. That the "Myanmar Systems Co., Ltd" be voluntarily wound - up by the members with effect from 1st March, 2017.
2. That Daw Cho Cho Toe, "Certified Public Accountant", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company to such extent and for such period as may be necessary only for the beneficial winding - up there and is granted such other powers as may be deemed fit or proper and to final winding - up the Company.
3. That all persons claiming to be creditors of the above "Myanmar Systems Co., Ltd" are requested to submit details of their for review together with any strong documentary evidence in their possession, to the Liquidator at No.S.7, Second floor, Aung San Stadium Northern Wing, Joe Phyu Street, Mingalar Taung Nyunt Township, Yangon Region, before 30th April, 2017.

Daw Cho Cho Toe
Liquidator
(B. Com, C.P.A)
Certified Public Accountant

## IN THE MATTER OF THE MYANMAR COMPANIES ACT AND

## MM ACCESS SERVICE COMPANY LIMITED

## NOTICE FOR VOLUNTARY WINDING UP UNDER SECTION 206 (1) & CLAIMS NOTICE

At an Extraordinary General Meeting of the shareholders of the Company held at its Registered Office at Room No. (202), 2nd Floor, Building (E), Diamond Condominium, Kamayut Township, Yangon, Myanmar at 9:00 AM on 30-3-2017, the follownig resolutions were passed as Special Resolutions:

Resolved -

(1) "that the Company, be, and is hereby decided to be wound up voluntarily".

(2) "that Daw Tin Win Yu, be, and is hereby appoited Liquidator of the **MM ACCESS SERVICE COMPANY LIMITED** for winding up and also authorised & be granted power to such extent and for suitable period necessary for the voluntary winding up.

And Claim Notice is also hereby issued by liquidator:

I, the under signed Liquidator of the above named company, have fixed the date for liquidation at 29-4-2017. The creditors of the above named company are requested to submit their claims together with the detail evidence of the debts and the claims affer the Liquidation date will not be considered for the benefit as creditors.

Mr. Marc Peter Rudolf Von Rohr
Managing Director
MM Access Service Company Limited

Daw Tin Win Yu
Liquidator
FAMAT GROUP
Phone: 01-2304349, 01-523327

ပ၊ ထ၊ န - အမှတ် ၆၃၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၃၁-၃-၂၀၁၆။